# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၇၉ ခုနှစ် နယုန်လဆန်း ၆ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 31 May 2017 (၈၉၄၁)


# သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု ရှာဖွေဖော်ထုတ်ခြင်းမှအစ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအနေဖြင့် တာဝန်ရှိ၍ ကာကွယ်ရေးနှင့်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၃၀**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း(၂၀၁၆)နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐**



သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

# တပ်မတော်သားများ၏ ရိက္ခာစရိတ်အား ထပ်မံတောင်းခံခြင်း မပြုသည့်အတွက် နိုင်ငံတော်၏ဘဏ္ဍာငွေမှ ငွေကျပ် ၇၅ ဒသမ ၇၉ ဘီလီယံခန့် ခြိုးခြံချွေတာနိုင်ခဲ့

နေပြည်တော် မေ ၃၀

**တပ်မတော်သားများ၏ ရိက္ခာစရိတ်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဲ့သို့ သတ်မှတ်ပေးပါက နိုင်ငံတော်အနေဖြင့် တစ်နှစ်လျှင် ငွေကျပ် ၇၅ ဒသမ ၇၉ ဘီလီယံခန့် ထပ်မံလိုအပ်မည် ဖြစ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်အား နိုင်ငံတော်ဘတ်ဂျက်မှ ထပ်မံတောင်းခံခြင်းမပြုဘဲ တပ်မတော်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထောက်ပံ့ပေးသည့်အတွက် တစ်နှစ်လျှင် နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ငွေကျပ် ၇၅ ဒသမ ၇၉ ဘီလီယံခန့်အား ခြိုးခြံချွေတာနိုင်ခဲ့ပါကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်ထံမှ သိရသည်။**

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ **စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာမှ လယ်သမား ၁၈ ဦးပိုင် လယ်ယာမြေနှင့် စားကျက်မြေဧက ၁၀၈ ဒသမ ၄၀ အား အမှတ်(၂၇၀) ခြေလျင်တပ်ရင်း(စစ်တွေ)မှ သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင် လယ်သမားများထံသို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ **ရှင်းလင်းဖြေကြားအပြီးတွင်** လွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင်၏ ထပ်ဆင့်မေးခွန်းအား ပြန်လည်ဖြေကြားရာတွင် အထက်ပါအတိုင်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် တပ်တွင်းမိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးနှင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တပ်မတော်တစ်ရပ်လုံး၌ စီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိလာသည့် ထွက်ကုန်များကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် တပ်မတော်မိသားစုဝင်များအား ရောင်းချပေးသည့်အပြင် ပိုလျှံသော သားငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပသို့ သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိပါကြောင်း။

တပ်မတော်မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်သည့်အတွက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**


**ပြည်သူ့ဝန်ထမ်းများကြားရှိ အဂတိလိုက်စားမှုကို စနစ်တကျဖြေရှင်းရန် လိုအပ်နေဆဲဖြစ်**

ပြည်သူ့လွှတ်တော် စာမျက်နှာ - ၅

**မြို့လယ်ချောင်း ပြန်လည်တူးဖော်ပါက ခန့်မှန်းငွေကျပ် သန်း ၂၅၀ ကုန်ကျမည်**

အမျိုးသားလွှတ်တော် စာမျက်နှာ - ၅

**ရန်ကုန်ဆေးရုံကြီးကဲ့သို့ သန်လျင်ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်**

စာမျက်နှာ - ၃





ကြေးမုံ

## သဘာဝဘေးအန္တရာယ်သတိပြုရှောင်ရှား

မေ ၃၀ ရက်က ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော "မိုရာ" (Mora) ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့အနီး ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်း မိုရာသည် စစ်တကောင်းမြို့အနီး ဖြတ်ကျော်ဝင်ရောက်ခဲ့သော်လည်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက် မုန်တိုင်းစက်ကွင်းကျရောက်သဖြင့် လေဒဏ်မိုးဒဏ်များ အဖျားခတ်ခဲ့သည်။

အထူးသဖြင့် ရခိုင်ပြည်နယ် စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် မုန်တိုင်းစက်ကွင်းကျရောက်မှုပိုများခဲ့ပြီး အပျက်အစီးများဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုအရှိန်ကြောင့် နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးတို့နှင့် ကချင်၊ ချင်း၊ ရခိုင်၊ ကရင်၊ မွန်၊ ရှမ်း၊ ကယားပြည်နယ်များတွင်လည်း နေရာအနှံ့အပြား မိုးကြီးခြင်းနှင့်လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်ခဲ့ရာ သစ်ပင်များပြိုလဲခြင်း၊ နေအိမ်များပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းမိုရာ တိုက်ခတ်မှုအရှိန်ကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် လေပြင်းဒဏ်ကိုခံကြရသလို အချို့နေရာများတွင် မိုးကြီးခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းတို့အနည်းငယ်ဖြစ်ပေါ်ခဲ့သည်။ ယခုကာလသည် လေပြင်းတိုက်ခတ်သည့် သဘာဝဘေးများဖြစ်ပေါ်လေ့ရှိပြီး ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်စဉ်က မေလဆန်းကဖြစ်ခဲ့သည်ကို သတိပြုရမည်ဖြစ်သည်။ မေလ အစောပိုင်းကာလက မြန်မာနိုင်ငံတစ်ဝန်းတွင် အပူရှိန်များမြင့်တက်ခဲ့ရာ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများဖြစ်ပေါ်ပြီး ယခုကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သဘာဝဘေးဟူသည်မှာ အချိန်အခါမရွေးဖြစ်ပေါ်တတ်ပြီး အထူးသဖြင့် ယခုကာလများတွင်အဖြစ်များသည်။ ဖြစ်ပေါ်ခဲ့သောသဘာဝဘေးမှာ ပြီးဆုံးသွားပြီဟုမဆိုနိုင်ချေ။ ထပ်မံ၍လည်းအချိန်အခါမရွေးဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်ပြင်ဆင်သတိပြုကြရမည်ဖြစ်သည်။ ယခုကာလတွင် သဘာဝဘေးအန္တရာယ်နှီးဆော်ချက်များကိုသိရှိမှတ်သားကြပြီး ပြည်သူများဘေးအန္တရာယ်ကင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မုန်တိုင်းများ အဖြစ်များသောကာလတွင် ကုန်းမြင့်ဒေသတွင် နေထိုင်ကြသောသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ ကမ်းရိုးတန်းနှင့်မြစ်ချောင်းများအနီး နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကိုလည်းကောင်း သတိပြုကြရမည်ဖြစ်သည်။ ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရေးပြင်ဆင်ထားရန် အကြံပြုပါသည်။


အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ သဘာဝဘေးဖြစ်လာလျှင် ကြိုတင်အသင့်ဖြစ်စေရေးအတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်လိုအပ်သည်။ အရေးပေါ် ရွှေ့ပြောင်းနိုင်မည့်အစီအစဉ်များ၊ အရေးပေါ်အသုံးအဆောင်များ အဆင်သင့်ထားရှိသင့်သည်။

မိသားစုများနှင့်ကွဲကွာသွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်ဆုံရပ်များသတ်မှတ်ထားရန်နှင့် လေပြင်းကဲ့သို့ သဘာဝဘေးဖြစ်ပေါ်ချိန်တွင် ခိုင်ခံ့သောအမိုးအကာ၊ အဆောက်အအုံအောက်တွင် နေထိုင်သင့်သည်။ ကမ်းခြေများတွင် အပန်းဖြေကြသူများအဖို့ သတိပြုအပန်းဖြေရန်လိုအပ်ပြီး ဖြစ်ပေါ်လာတတ်သော လှိုင်းတစ်ပြက် ရေကြီးမှုများကိုလည်း အထူးသတိထားရမည်ဖြစ်သည်။ တောင်ကျချောင်း၊ မြေတောင်များနှင့် မြစ်ချောင်းများအနီးနေထိုင်ကြသူများအဖို့ စိတ်ချသောနေရာများသို့ ရွှေ့ပြောင်းထားရန်လိုအပ်သည်။

သဘာဝဘေးဒဏ်ကို တိုက်ရိုက်မခံစားရနိုင်သည့် ကုန်းတွင်းဘက်ဒေသများတွင် နေထိုင်ကြသူများအနေဖြင့်လည်း လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့်လည်း ရင်ဆိုင်ရနိုင်သဖြင့် အထူးသတိပြုနေထိုင်သင့်သည်။ စိုက်ပျိုးသီးနှံပင်များ စိုက်ပျိုးလုပ်ကိုင်သူများအဖို့ မိမိတို့၏သီးနှံများ ပျက်စီးယိုယွင်းခြင်းမရှိအောင်နှင့် ရိတ်သိမ်းဆွတ်ခူးပြီး လုံခြုံစိတ်ချသောနေရာများသို့ ခေတ္တရွှေ့ပြောင်းထားသင့်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်အချိန်မရွေး ကြုံတွေ့နိုင်သဖြင့် သဘာဝဘေးများကို စဉ်ဆက်မပြတ်လေ့လာကာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်လျက်ရှိသော ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့နှင့်တွေ့ဆုံ



**နေပြည်တော် မေ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့ (Joint Strategy Team1-JST) မှ တာဝန်ရှိသူများအား အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ ယမန်နေ့ ညနေ ၃ နာရီက လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် Joint Strategy Team တွင် ပါဝင်သော အဖွဲ့ငါးဖွဲ့မှ ကိုယ်စားလှယ်များဖြင့် လာရောက်တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ ပူးပေါင်းလုပ်ငန်းစဉ် အဖွဲ့အနေဖြင့် ၎င်းတို့ဆောင်ရွက်ခဲ့သည့် ကချင်ပြည်နယ်ရှိ မကြာသေးမီ ကာလအတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသ၌ ကာကွယ် စောင့်ရှောက်ရေးနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာလိုအပ်ချက်များ လေ့လာဆန်းစစ်မှုအခြေအနေနှင့် နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ရှေ့ပြေးစီမံချက် အဆိုပြုလွှာတို့ကို တင်ပြသည်။

ပူးပေါင်းလုပ်ငန်းစဉ် အဖွဲ့အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၏ လက်ရှိအခြေအနေနှင့် လိုအပ်ချက်များ တင်ပြရာတွင် တိုက်ပွဲရှောင် ပြည်သူများအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြန်လည်နေရာချထားရေးဆိုင်ရာဆောင်ရွက်မည့် အစီအစဉ်များ၊ ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသားများ ပညာဆက်လက်သင်ကြားခွင့်ရရှိရန် ညှိနှိုင်းပေါင်းစပ်ပေးရေး၊ တိုက်ပွဲရှောင်ပြည်သူများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ရရှိရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရေး၊ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေးအတွက် နိုင်ငံတော်နှင့် ဒေသခံအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရေးတို့ကို တင်ပြခဲ့ကြသည်။

ဝန်ကြီးဌာနဘက်မှလည်း တိုက်ပွဲရှောင်စခန်းများအတွက် လူသားချင်းစာနာကူညီမှု၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးမှု၊ ဥပဒေနှင့်အညီ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ သက်ကြီးရွယ်အို အခွင့်အရေး၊ မသန်စွမ်းသူများ အခွင့်အရေး စသည်ဖြင့် ထိခိုက် အားနည်းလွယ်သူများအတွက် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးမှုတို့ကို ရှင်းလင်းဆွေးနွေးပြီး အဖွဲ့၏ တင်ပြချက်များအပေါ် ကူညီဆောင်ရွက်ပေးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ကျောင်းအပ်နှံရေးနေ့အခမ်းအနား လယ်ဝေးမြို့၌ ကျင်းပ



**လယ်ဝေး မေ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ နံနက် ၉ နာရီက အထက(၁)ရွှေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ကျောင်းနေအရွယ်ကလေးများ အားလုံးအခမဲ့ ပညာသင်ယူခွင့် ရရှိနိုင်ရေးအတွက် ဆရာ၊ မိဘအုပ်ထိန်းသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းထွက်နှုန်း လျော့ကျစေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကျောင်းနေအရွယ်ကလေးများ အားလုံး ကျောင်းအပ်နှံရေး နှိုးဆော်ပေးရန်စသည်ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦးနှင့် ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနေဇော်တို့က အမှာစကားပြောကြားကြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကြာညွှန့်က ပညာရေးဆိုင်ရာများအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက အခမဲ့ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃၀**

ရန်ကုန်(ရွှေဈေး) ၉၀၇၅၀၀ - ၉၀၇၅၀၀၊ မန္တလေး(ရွှေဈေး) ၉၀၇၅၀၀ - ၉၀၇၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၄၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၀/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၀/၆၅၉ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၄၀ ကျပ်

**၂၃-၅-၂၀၁၇ ရက်နေ့မှ ၂၉-၅-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၄၇ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၇၇ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၄၉ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၁၉. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၁၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၉၈၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၈၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၅၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၈. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၅၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၃. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၃. ၈၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

### ❐ သဘာဝဘေးအန္တရာယ်မှ

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း(၂၀၁၆)တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်စေနိုင်သည့် အကြောင်းရင်းများနှင့် ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်ထားပါကြောင်း၊ မိမိတို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာစေနိုင်သည့် အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းမှအစ သဘာဝဘေးအန္တရာယ်များဖြစ်ပွားပြီး ဖွံ့ဖြိုးရေးကိုဦးတည်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအထိ ဖြစ်စဉ်အစအဆုံးအတွက် တာဝန်ရှိပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့မှု အခြေအနေများကိုကြည့်မည်ဆိုပါက သစ်တောစိုက်ခင်းများ ပြန်လည်ထူထောင်ပေးရန်၊ နေအိမ်ပြောင်းရွှေ့ မြေနေရာများစီစဉ်ပေးရန်၊ ရေထိန်း၊ ရေကာတာတည်ဆောက်ပေးရန်၊ တံတားတည်ဆောက်ပေးရန်၊ မြစ်၊ ချောင်းများ ရေစီးရေလာကောင်းမွန်စေရေး သဲသောင်တူးပေးရန်၊ ရေနုတ်မြောင်းဖောက်လုပ်ပေးရန်၊ တာတမံမြှင့်ပေးရန်နှင့် တာလမ်းများဖောက်လုပ်ပေးရန်၊ Shelter (သို့မဟုတ်) စာသင်ကျောင်းများတည်ဆောက်ပေးရန်၊ မြေထိန်းနံရံများတည်ဆောက်ရန်၊ ကျေးရွာချင်းဆက်တံတားများ၊ လမ်းများပြုပြင်တည်ဆောက်ပေးရန်၊ သောက်သုံးရေရှားပါးမှုကို ဖြေရှင်းပေးရန်၊ စိစစ်၍ အသိပညာများပေးရန် စသည်ဖြင့် ရေနှင့်ဆက်စပ်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ကို ဖော်ထုတ်ဆန်းစစ်တွေ့ရှိရပါကြောင်း။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေး၊ ဘေးဒဏ်ခုခံနိုင်စွမ်းရှိသည့် ရပ်ရွာဖြစ်စေရေးတို့အတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးတည်သည့် လုပ်ငန်းများလည်းဖြစ်ပါကြောင်း၊ သို့သော်လည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးရန် အခက်အခဲရှိသည့်အတွက် ချက်ချင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ ကာလသတ်မှတ် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ စသည်ဖြင့် ဦးစားပေးအလိုက် အဆင့်သတ်မှတ်ရွေးချယ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ရေတို၊ ရေရှည် ဆောင်ရွက်ပေးနိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နှစ်စဉ်လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း။

သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားခြင်းအားဖြင့် သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်သည့်၊ သဘာဝဘေးကို ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားသည့် လူမှုအဖွဲ့အစည်းဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခု သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း(၂၀၁၆)နှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီနှင့် လုံခြုံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း(၂၀၁၆)နှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးသည့် လုပ်ငန်းများ၊ ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆောင်ရွက်ရန်လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **(သတင်းစဉ်)**

### ❂ တပ်မတော်သားများမှ

နိုင်ငံတော်၏ စားနပ်ရိက္ခာထုတ်လုပ်နိုင်မှု ပမာဏမြင့်တက်ခြင်း၊ တပ်မတော်သားများ၏ စားသောက်ရေးကိုပြေလည်စေခြင်းဖြင့် ကောင်းမွန်သောအထောက်အကူဖြစ်ပါကြောင်း၊ ထိုသို့ထောက်ပံ့ပေးနိုင်သည့်အတွက် နိုင်ငံတော်၏ဘဏ္ဍာငွေအား နှစ်စဉ်ငွေကျပ် ၇၅ ဒသမ ၇၉ ဘီလီယံခန့် ခြိုးခြံချွေတာနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် တပ်မတော်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် နိုင်ငံတော်အား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သည့်အတွက် လက်ရှိစိုက်ပျိုးမွေးမြူရေးဆောင်ရွက်နေသည့်နေရာများကို တပ်ပိုင်အနေဖြင့် ဆက်လက်စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၎င်းက ပြောကြားခဲ့သည်။ **(သူရဇော်)**

## လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**



တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၃၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်ဆေးရုံကြီးကဲ့သို့ သန်လျင်ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်

**ရန်ကုန် မေ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ခုတင် (၂၀၀) ဆံ့သန်လျင်အထွေထွေရောဂါကုဆေးရုံတွင် တိုးချဲ့တည်ဆောက်သည့် အရေးပေါ်ဆေးကုဌာနနှင့် လူနာဆောင်များဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဆေးရုံရှိ အရေးပေါ်ဆေးကုသဆောင်ရှေ့၌ ကျင်းပသည်။ ဖွင့်ပွဲသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်နှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုလို သန်လျင်အထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ကုသဌာနနှင့် လူနာကုသဆောင်များ ဖွင့်လှစ်လိုက်သည့်အတွက် ပြင်ပလူနာ ကြည့်ရှုကုသရေးလုပ်ငန်းများကို ပိုမိုအဆင်ပြေချောမွေ့စွာ လုပ်နိုင်မည်ဖြစ်ပြီး အရေးပေါ်လူနာကယ်ဆယ်ရေးလုပ်ငန်းများကို တစ်နေရာတည်းမှာပင် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အချိန်မီ ကုသပေးနိုင်မည်ဖြစ်၍ အရေးပေါ်လူနာလွှဲပြောင်း ကုသမှုများကို အနည်းဆုံးလျှော့ချနိုင်မည့်အပြင် အချိန်နှင့်တစ်ပြေးညီ အထိရောက်ဆုံး ဝန်ဆောင်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် သန်လျင်ဆေးရုံ၊ လှိုင်သာယာဆေးရုံ၊ အင်းစိန်ဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ သယ်န်းကျွန်းဆေးရုံတို့ကို အဆင့်မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ ဆေးရုံအဆောက်အအုံများသာမက အထူးကုဆရာဝန်အင်အား၊ ဆေးဝါးစက်ကိရိယာအင်အားကိုပါ တစ်ပါတည်းတိုးချဲ့ပေးခဲ့ကြောင်း၊ လိုအပ်သည့်အထူးကုဆရာဝန်ကြီးများကိုလည်း အချိန်အားလျော်စွာ ရန်ကုန်မှ စေလွှတ်ပေးမည်ဖြစ်ပြီး သန်လျင်ဆေးရုံကို နိုင်ငံတကာအဆင့်မီဖြစ်အောင် ပြုပြင်တိုးချဲ့ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

“ရန်ကုန်ဆေးရုံကြီး အရေးပေါ်မှာရှိတဲ့ ကုသမှုအတိုင်း သန်လျင်မှာ မကြာခင် ကုသပေးနိုင်တော့မှာပါ။ အလားတူပဲ ခွဲစိတ်ကုသမှုတွေ ထိခိုက်ဒဏ်ရာရရှိမှုတွေ၊ နှလုံး၊ သွေးတိုးစေတဲ့ ရောဂါတွေကို ရန်ကုန်ဆေးရုံကြီးမှာလိုပဲ ကုသပေးနိုင်မှာ ဖြစ်ပါတယ်။ အရေးပေါ်လူနာတွေအတွက် လွှဲပြောင်းကုသတဲ့နေရာမှာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် အချိန်ကြန့်ကြာမှုတွေလည်း မရှိတော့ဘူး” ဟု သန်လျင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ချိုချိုလွင်က ပြောသည်။

သန်လျင်ဆေးရုံကြီး တိုးချဲ့ဆောင်များကို ၂၀၁၄ ခုနှစ် ဩဂုတ်လ၌ ကျန်းမာရေးဝန်ကြီးဌာနက OPD & ED နှင့် လူနာဆောင်နှစ်ထပ်ဆောင်တစ်ဆောင်၊ OT & Imaging Complex နှစ်ထပ်ဆောင်တစ်ဆောင်၊ ဆေးရုံအုပ်ကြီးနေအိမ်၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲလေးထပ်၊ ခြောက်ခန်းတွဲလေးထပ်နှင့် ဆက်စပ်လုပ်ငန်းများ၊ အရေးပေါ်ဆေးကုသဆောင်တို့ကို နိုင်ငံတော်အစိုးရက စုစုပေါင်းငွေကျပ် သိန်းပေါင်း ၂၉၀၀၀ကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သန်လျင်ဆေးရုံကို ၁၉၀၅ ခုနှစ်တွင် (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် တည်ထောင်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ခုတင်(၁၅၀)ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ယခုအခါ လူနာ ၃၀၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

# တောင်ကိုရီးယား မိုဘိုင်းလောင်ချာများ ထပ်မံပေးပို့ခဲ့ရာတွင် သမ္မတခွင့်ပြုချက်မရယူဘဲ လုပ်ဆောင်ခဲ့မှု စုံစမ်းစစ်ဆေးမည်



**ဆိုးလ် မေ ၃၀**

အမေရိကန် ဒုံးကျည်ကာကွယ်ရေးဒိုင်းလွှားစနစ်အတွက် မိုဘိုင်းလောင်ချာများကို ထပ်မံပေးပို့ခဲ့ရာတွင် သမ္မတထံမှ ခွင့်ပြုချက်မရယူဘဲ လုပ်ဆောင်ခဲ့ခြင်းနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းစစ်ဆေးရန် သမ္မတ မွန်ဂျေအင်က ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ဖြန့်ကြက်သည့် ဒုံးခွင်းဒုံးစနစ်အတွက် နောက်ထပ် မိုဘိုင်းလောင်ချာလေးခု ထပ်မံပေးပို့ခဲ့ရာတွင် သမ္မတ၏ခွင့်ပြုချက်ကို ရယူခဲ့ခြင်းမရှိကြောင်း၊ မိုဘိုင်းလောင်ချာများကို သမ္မတ၏ခွင့်ပြုချက်မရှိဘဲ သယ်ယူပို့ဆောင်ခဲ့သည်ဟု သမ္မတကြားသိရသည့်အခါ ၎င်းမှာ အလွန်အမင်း ထိတ်လန့်တုန်လှုပ်ခဲ့ရကြောင်း သမ္မတ၏ ပြန်ကြားရေးအတွင်းဝန် ယွန်ယောင်ချန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ ဖြန့်ကြက်သည့် တီအိပ်ချ်အေအေဒီ ဒုံးကျည်ကာကွယ်ရေးစနစ်အတွက် မိုဘိုင်းလောင်ချာနှစ်ခုကို တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း၊ နောက်ထပ် မိုဘိုင်းလောင်ချာလေးခုကို ထပ်မံပေးပို့ခဲ့ရာတွင် သမ္မတအား အသိပေးခြင်းမရှိဘဲ တိတ်တဆိတ် သယ်ယူပို့ဆောင်ခဲ့သည်ဟု သမ္မတ၏ လုံခြုံရေးအကြံပေးပုဂ္ဂိုလ် ချန်အိန်ယောင်းက သမ္မတထံ သတင်းပို့ခဲ့ကြောင်း ယွန်ယောင်ချန်းက ပြောကြားသည်။

မိုဘိုင်းလောင်ချာများအား လျှို့ဝှက်စွာ ပို့ဆောင်ခဲ့မှုနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းစစ်ဆေးရန် လုံခြုံရေးအကြံပေးပုဂ္ဂိုလ်နှင့် သမ္မတရုံးဝန်ကြီးတို့အား သမ္မတက ညွှန်ကြားထားကြောင်း ၎င်းက ပြောကြားသည်။

မေ ၉ ရက် သမ္မတရွေးကောက်ပွဲ မကျင်းပမီ ရက်သတ္တနှစ်ပတ်အလိုတွင် အမေရိကန် တီအိပ်ချ်အေအေဒီ ဒုံးခွင်းဒုံးစနစ်အတွက် မိုဘိုင်းလောင်ချာ နှစ်ခုနှင့် ရေဒါတို့ကို မြောက်ပိုင်း ကွမ်ဆောင်းပြည်နယ် ဆောင်ဂျူ စီရင်စု ဆိုဆောင်းရီကျေးရွာရှိ ဂေါက်ကွင်းတစ်ကွင်းသို့ ညသန်းခေါင်ယံအချိန်တွင် ပို့ဆောင်ခဲ့သည်။

**ရိုက်တာ။**

# ယီမင်တွင် ဝမ်းရောဂါဖြစ်ပွားမှုကြောင့် ၄၇၁ ဦး သေဆုံး



**ဆာနား မေ ၃၀**

ပြည်တွင်းစစ် ဆိုးဆိုးရွားရွားဖြစ်ပွားနေသည့် ယီမင်နိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ယခုလအတွင်း ၄၇၁ ဦး သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၂၇ ရက်အထိ သေဆုံးသူအရေအတွက်ကို နောက်ဆုံး ထုတ်ပြန်ပေးထားသည်။ သေဆုံးသူအရေအတွက်ကို အတည်ပြုထားပြီး ဝမ်းရောဂါဖြစ်ပွားနေသည်ဟု သံသယရှိသူ ၅၂၀၀၀ ကျော်ရှိကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဆော်ဒီ ထောက်ခံအားပေးထားသော အစိုးရနှင့် သူပုန်တပ်ဖွဲ့များ ဖြစ်ပွားသည့် ပြည်တွင်းစစ်ပွဲတွင် ဆေးရုံများနှင့် ရေဖြန့်ဖြူးပေးဝေသော စနစ်များ ဖျက်ဆီးခံခဲ့ရသည်။ ထို့ပြင် ယီမင်နိုင်ငံတွင် ဆရာဝန်၊ သူနာပြုနှင့် ဆေးဝါးများလည်း ဆိုးဆိုးရွားရွား ပြတ်တောက်လျက်ရှိသည်။

ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက စစ်ပွဲတွင်ပါဝင် တိုက်ခိုက်နေသော အဖွဲ့အစည်းများအနေဖြင့် ဆေးရုံဆေးခန်းများအတွက် ရန်ပုံငွေထောက်ပံ့ပေးရန် တိုက်တွန်းထားသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ပုဂ္ဂိုလ်များကိုလည်း ပဋိပက္ခဖြစ်ပွားနေသည့် နယ်မြေများသို့ ဝင်ရောက်ခွင့်ပေးရန်လည်း တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ။**

# မော်စကိုတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ၁၃ ဦးသေဆုံးပြီး ၇၀ ကျော် ဒဏ်ရာရ

**မော်စကို မေ ၃၀**

ရုရှားနိုင်ငံ မော်စကိုမြို့တွင် တနင်္လာနေ့က မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၃ ဦးသေဆုံးပြီး ၇၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လျှပ်စီးလက် မိုးကြိုးပစ်ခြင်းများ မော်စကိုမြို့တွင် ဖြစ်ပွားခဲ့သည်။

မုန်တိုင်းကြောင့် သစ်ပင် ၄၀၀ ခန့် ပြိုလဲခြင်း၊ အဆောက်အအုံ ခေါင်မိုးများလန်ခြင်းနှင့် လမ်းဘေးတွင် ထောင်ထားသည့် ဆိုင်းဘုတ်များ လဲပြိုခြင်းများ ဖြစ်ပွားခဲ့သည်။



လျှပ်စစ်ဓာတ်ကြိုးများ ပြတ်တောက်နေသည့်အတွက် လမ်းအတော်များများ ပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။ လေကြောင်းလိုင်းများ နှောင့်နှေးကြန့်ကြာခဲ့ရသကဲ့သို့ အခြားသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည်လည်း ရပ်ဆိုင်းသွားခဲ့ရသည်။

မော်စကိုမြို့သည် ယခုလ အစောပိုင်းတွင် အချိန်အခါမဟုတ် ဆီးနှင်းများကျရောက်ခဲ့ပြီး အချို့ရက်များတွင် အပူချိန်သည် ၂၀ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်လေ့ရှိသည်။ ဒေသဆိုင်ရာ မိုးလေဝသတာဝန်ရှိသူများက တည်ငြိမ်မှုမရှိသော ဆိုးရွားသည့်ရာသီဥတုအခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း သတိပေးပြောကြားထားသည်။ **အင်န်အိတ်ချ်ကေ။**

# ပနားမားအာဏာရှင်ဟောင်း နိုရေးဂါး အသက် ၈၃ နှစ်အရွယ်တွင် ကွယ်လွန်

**ပနားမားစီးတီး မေ ၃၀**

ပနားမားနိုင်ငံ၏ အာဏာရှင်ဟောင်းဖြစ်သူ မင်နျူယယ်နိုရေးဂါးသည် မေ ၂၉ ရက်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ၎င်းသည် ၁၉၈၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ပနားမားနိုင်ငံအား အာဏာရှင်တစ်ဦးအဖြစ် အုပ်စိုးခဲ့သူဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၃ နှစ်ရှိကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများနှင့် ရက်စက်ကြမ်းကြုတ်သော လုပ်ဆောင်ချက်များရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ၁၉၈၉ ခုနှစ်တွင် ပနားမားနိုင်ငံအတွင်းသို့ အမေရိကန်စစ်တပ်က ကျူးကျော်ဝင်ရောက်ကာ မင်နျူယယ်နိုရေးဂါးအား ရာထူးမှ ဖယ်ရှားခဲ့သည်။ ၎င်းသည် ရာထူးမှ ဖယ်ရှားခြင်းမခံရမီ အမေရိကန်၏သူလျှိုတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ အာဏာရချိန်အတွင်း နိုရေးဂါးသည် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)နှင့် နှစ်ပေါင်းရှည်ကြာစွာ ပူးပေါင်းဆောင်ရွက်ခဲ့သူဖြစ်သည်။

အာဏာရှင်ဟောင်း နိုရေးဂါး ကွယ်လွန်သည့်သတင်းကို မေ ၂၉ ရက် ညပိုင်းတွင် ပနားမားသမ္မတ ကာလို့စ်ဗာရီလာက ၎င်း၏အင်တာနက် တွစ်တာတွင် ရေးသားခဲ့သည်။ နိုရေးဂါးကွယ်လွန်ခြင်းသည် အမေရိကတိုက်အလယ်ပိုင်းတွင် တည်ရှိသည့် ပနားမားနိုင်ငံ၏သမိုင်းတွင် ၎င်း၏အခန်းကဏ္ဍ နိဂုံးချုပ်သွားခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အာဏာရှင်ဟောင်း နိုရေးဂါးအား ရာထူးမှ ဖယ်ရှားရေးအတွက် ပနားမားနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်ရန် ထိုစဉ်က အမေရိကန်သမ္မတ ဂျော့အိတ်ချ်ဒဗလျူဘုရှ်က စီစဉ်ခဲ့ခြင်းဖြစ်သည်။ နိုရေးဂါးသည် မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိသောငွေကြေးများကို ခဝါချခဲ့ပြီး ကိုကင်းမှောင်ခိုရောင်းဝယ်မှုများကို ကိုလံဘီယာမှ မူးယစ်ဂိုဏ်းခေါင်းဆောင် ပါဘလိုအက်စ်ကိုဘာနှင့်အတူ လုပ်ဆောင်ခဲ့ဖွယ်ရှိသည်ဟု စွပ်စွဲခံခဲ့ရသည်။ ပနားမားအာဏာရှင်ဟောင်းသည် အမေရိကန်နိုင်ငံတွင် ၁၉၉၂ ခုနှစ်က ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး လူသတ်မှုကြောင့်ချမှတ်ခံရသော ထောင်ဒဏ်ကို ၎င်းကွယ်လွန်ချိန်အထိ ပနားမားနိုင်ငံ၌ ကျခံခဲ့ရသည်။

**ရိုက်တာ။**



# ဖိလစ်ပိုင်၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း တရုတ်နိုင်ငံ အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဆို

**ပေကျင်း မေ ၃၀**

ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ပွဲတွင် မိမိတို့အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဏာပိုင်များက မေ ၃၀ ရက်တွင် ပြောကြားကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးတွဲစစ်ဆင်ရေးလုပ်ငန်းတစ်ရပ်အပြီးတွင် တရုတ်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအာဏာပိုင်များက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တရုတ်နှင့် ဖိလစ်ပိုင်တို့၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးတွဲစစ်ဆင်ရေးလုပ်ငန်းအရ နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါး သယ်ဆောင်သူများပါဝင်သည့် ဂိုဏ်းတစ်ဂိုဏ်း၏ အဖွဲ့ဝင် ၁၂ ဦးကို တရုတ်နိုင်ငံ ရှားမင်မြို့တွင်လည်းကောင်း၊ တစ်ဦးကို ဖိလစ်ပိုင်နိုင်ငံ မာလန်ဖွဲလာမြို့တွင် လည်းကောင်း မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ပီတီအိုင်။**

# ပြည်သူ့ဝန်ထမ်းများကြားရှိ အဂတိလိုက်စားမှုကို စနစ်တကျဖြေရှင်းရန် လိုအပ်နေဆဲဖြစ်


ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

**နေပြည်တော် မေ ၃၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် **"အဂတိလိုက်စားမှု (လာဘ်ပေးလာဘ်ယူမှု)ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်းခဏခဏ မပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း"**အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယင်းအဆိုကို ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ၆ ဦးက ထောက်ခံဆွေးနွေးခဲ့ကြသည်။

တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေးက ဌာနဆိုင်ရာဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်ခြင်း၊ ပြည်သူ့အတွက်ဆောင်ရွက်ပေးမှုမရှိခြင်း၊ ဆောင်ရွက်ပေးရန်အချိန်ဆွဲခြင်း၊ အချို့သောလုပ်ငန်းကိစ္စရပ်များတွင် အစိုးရအဖွဲ့လမ်းညွှန်မှုများစေရန် မှားယွင်းသောတင်ပြချက်များကို အစိုးရအဖွဲ့သို့ ဌာနဆိုင်ရာဝန်ထမ်းများက တင်ပြနေခြင်းများကို သက်သေအထောက်အထားများဖြင့် တိုင်ကြားပါက အစိုးရအနေဖြင့် ထိရောက်စွာ အရေးယူပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်က ဌာနဆိုင်ရာများသို့လာရောက်သော ပြည်သူများကို လိုအပ်သောလမ်းညွှန်မှုများပေး၍ လွယ်ကူမြန်ဆန်အောင် ကူညီပေးခြင်းမျိုးရှိရမည့်အစား ငွေကြေးတစ်စုံတစ်ရာပေးမှု၊ နီးစပ်ရာပွဲစားမှတစ်ဆင့် ဆောင်ရွက်မှအလုပ်ဖြစ်အောင် တမင်ဖန်တီးထားသည်ဟုသိရပါကြောင်း၊ အထူးသဖြင့် ပြည်သူနှင့်ထိတွေ့မှုများသည့် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ လဝက၊ ကညန၊ ရဲစခန်းနှင့် တရားရုံး စသည့်ဌာနများတွင် ထိုကဲ့သို့ အခက်အခဲများကို အများဆုံးတွေ့ကြုံရင်ဆိုင်နေရကြောင်း ပြည်သူများထံမှ ကြားသိရပါကြောင်း ဆွေးနွေးသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့်က ပြည်သူ့ဝန်ထမ်းများကြားရှိ အဂတိလိုက်စားမှုကို စနစ်တကျဖြေရှင်းရန် လိုအပ်နေဆဲဖြစ်ပါကြောင်း၊ အစိုးရဝန်ထမ်းများကို ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဆုပေးဒဏ်ပေးစနစ်၊ လိုအပ်သည့်ပံ့ပိုးမှုနှင့် ပြောရေးဆိုခွင့်အခွင့်အရေးများကိုလည်း ခွင့်ပြုပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်နှင့် မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိတို့ကလည်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ဝန်ထမ်းများက ပြည်သူလူထုကို ရုံးဌာနများသို့ အကြိမ်ကြိမ်ချိန်းဆိုကာ အချိန်ဆွဲ စိတ်အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်ပြီး လာဘ်ပေးလာအောင် ဖန်တီးသည့်ကိစ္စများ လျော့နည်းကျဆင်းသွားစေရန် ပြည်သူလူထုအား ဝန်ဆောင်မှုပေးသည့်ဌာနဆိုင်ရာများအနေဖြင့် ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းများတွင် မလိုအပ်သည့်အဆင့်များကို လျှော့ချရန်၊ ဝန်ဆောင်ပေးမှုမှတ်တမ်းများထားရှိရန်နှင့် လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးပြတ်အောင် ဆောင်ရွက်ရမည့် အချိန်ကာလကို တိကျစွာသတ်မှတ်ပြီး အများပြည်သူသိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ကြေညာရန် လိုအပ်သဖြင့် အချို့ဌာနများတွင် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

သို့ရာတွင် ဆောင်ရွက်ရန်ကျန်ရှိနေသော ပြည်သူလူထုနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် မိမိဌာနအလိုက်လုပ်ငန်း သဘောသဘာဝ ကွဲပြားခြားနားမှုအခြေအနေကိုမူတည်၍ ဆောင်ရွက်ပေးရန်၊ ပြီးပြတ်အောင် ဆောင်ရွက်ပေးမည့် အချိန်ကာလနှင့် ယူဆောင်လာရမည့်အချက်များကို ပြည်သူလူထုသိရှိနိုင်ရန် ဌာနဆိုင်ရာရုံးတိုင်း၏ မြင်သာသည့်နေရာများတွင် ထင်ထင်ရှားရှား ကြေညာထားရန်၊ ခိုင်လုံသောအကြောင်းမရှိဘဲ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပေးခြင်းမပြုပါက ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် တိုင်ကြားနိုင်သည့် Complaint Center များ ထုတ်ပြန်ကြေညာထားရန်၊ ပြည်သူများ၏ လုပ်ငန်းဆောင်ရွက်ရမှုအပေါ် တိုင်ကြားသည့် တိုင်စာကိုစစ်ဆေးရာတွင် တိုင်ကြားခံရသူသည် မိမိ၏ လုပ်ငန်းတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်းမပြုကြောင်း၊ ပြည်သူလူထုကို လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ ပညာပြအချိန်ဆွဲကြောင်း တွေ့ရှိပါက အဆိုပါဝန်ထမ်းအား ဝန်ထမ်းစည်းကမ်းအရ အရေးယူရေးနှင့် လာဘ်ယူကြောင်းပေါ်ပေါက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မလိုအပ်ဘဲ ရွှေ့ပြောင်းချိန်းဆိုခြင်းဖြစ်ပေါ်ရခြင်းမှာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၏ အားနည်းချက်တစ်ခုတည်းကြောင့်မဟုတ်ဘဲ သက်ဆိုင်ရာဝန်ထမ်းများ၏ လုပ်ငန်းမကျွမ်းကျင်မှု၊ မသမာမှုများကြောင့်ဖြစ်နိုင်သည့်အတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများက ကြပ်မတ်ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **ထီးချိုင့်မြို့နယ်အတွင်းရှိ အမှတ်(၃) ခရိုင်ချင်းဆက်လမ်း (ငပိချောင်း-မရသိမ်)လမ်းအား မြေပေါင်တင် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှတ်(၃) ခရိုင်ချင်းဆက်လမ်း(ငပိချောင်း-မရသိမ်)လမ်းအား ကျောက်ချောလမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်လျာထားရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ခနောင်ဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၏ **ခနောင်ဖြူမြို့နယ် ဆကာကြီး-ဥတိုလမ်း ၅ မိုင် ၄ ဖာလုံအနက် ကျန်ရှိသည့် ကျောက်ချောလမ်း ၁ မိုင် ၄ ဖာလုံ၊ အလမျိုး-နဲ့ကြီး ၈ မိုင် ၂ ဖာလုံနှင့် စံကင်း-ကလော့သော ၇ မိုင် ၁ ဒသမ ၅ ဖာလုံ ကျောက်ချောလမ်းတို့အား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ခနောင်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်း(၃)လမ်းအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ နှစ်အလိုက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဦးစားပေးလျာထားမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါကြောင်း။

ထို့ပြင် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းနှင့် မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်းတို့၏ **လမ်းအဆင့်မြှင့်တင်ပေးရေး**နှင့် လမ်းဖောက်လုပ်ပေးရေးဆိုင်ရာမေးခွန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီက တင်သွင်းသည့် အစီရင်ခံစာနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တာတမံဥပဒေကြမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့ကြသည်။ **ကျော်သူထက်(သတင်းစဉ်)**

# မြို့လယ်ချောင်း ပြန်လည်တူးဖော်ပါက ခန့်မှန်းငွေကျပ် သန်း ၂၅၀ ကုန်ကျမည်

**နေပြည်တော် မေ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြေယာဆိုင်ရာ မေးခွန်း(၂)ခု၊ မြစ်ချောင်းထိန်းသိမ်းရေးဆိုင်ရာ မေးခွန်း(၃)ခု၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ မေးခွန်းတစ်ခုတို့ကို ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ **စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာမှ လယ်သမား ၁၈ ဦးပိုင် လယ်ယာမြေနှင့် စားကျက်မြေ ဧက ၁၀၈ ဒသမ ၄၀ အား အမှတ်(၂၇၀) ခြေလျင်တပ်ရင်း (စစ်တွေ)မှ သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင် လယ်သမားများထံသို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က တပ်ပိုင်မြေ ၂၇၇ ဒသမ ၃၇ ဧကအနက်မှ မြေဧက ၄၀ အား အစိုးရနည်းပညာတက္ကသိုလ်(စစ်တွေ)သို့လည်းကောင်း၊ မြေ ၅ ဒသမ ၂၇ ဧကအား စစ်တွေ-ကျောက်တော် မီးရထားလမ်းဖောက်လုပ်ရာတွင်လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

ကျန်ရှိသည့် တပ်ပိုင်မြေ ၂၃၂ ဒသမ ၁၀ ဧကအား မေးခွန်းပါ လယ်သမား ၁၈ ဦးပိုင် လယ်မြေနှင့် စားကျက်မြေ ၁၀၈ ဒသမ ၄၀ ဧကအနက် မြေဧက ၃၀ ခန့်မှာ အစိုးရနည်းပညာတက္ကသိုလ်(စစ်တွေ)သို့ လွှဲပြောင်းပေးခဲ့သည့် မြေဧက ၄၀ အတွင်း ပါဝင်လျက်ရှိပြီး အဆောက်အအုံများဆောက်လုပ်ထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ တပ်ရင်းဌာနချုပ်အနေဖြင့် ကျန်ရှိသော တပ်ပိုင်မြေ ၂၃၂ ဒသမ ၁၀ ဧကတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ သီးစားချထားခြင်းမရှိဘဲ တပ်ရင်းမိသားစု သက်သာချောင်ချိရေးအတွက် တပ်ရင်းမှ နှစ်စဉ်စပါးစိုက်ပျိုးခြင်းနှင့် ပုစွန်မွေးမြူခြင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့် မေးခွန်းပါ မြေနေရာသည် အမှတ်(၂၇၀) ခြေလျင်တပ်ရင်း၏ မူလတပ်ဟောင်းမြေနေရာဖြစ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်များရရှိပြီးဖြစ်ခြင်း၊ စတင်သိမ်းဆည်းစဉ်ကပင် သိမ်းဆည်းခံတောင်သူများမှ သဘောတူကြောင်း လက်မှတ်ရေးထိုးထားခြင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ သီးစားချထားခြင်းမရှိဘဲ တပ်မိသားစု သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးရန် မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ပေါက်တောမြို့နယ်အတွင်းရှိ တိမ်ကောနေသော မြို့လယ်ချောင်းအား ရေစီးရေလာ ကောင်းမွန်စေရန်နှင့် သွားလာရေးလွယ်ကူစေရန်အတွက် တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြို့လယ်ချောင်း ပြန်လည်တူးဖော်ပါက ခန့်မှန်းငွေကျပ် သန်း ၂၅၀ ဒသမ ၀၀ ကုန်ကျမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဘဏ္ဍာငွေဖြင့် မလုံလောက်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ နည်းပညာများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပေါက်တော မြို့လယ်ချောင်း ချောင်းပိတ်နေရာအား တံတားထိုးခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ကျောက်ဆိပ်ကျေးရွာအထက်နားမှ နတ်တောင်ပြင်ကျေးရွာအထိ အလျား နှစ်မိုင်ခန့်ကို ပြန်လည်တူးဖော်နိုင်ပါက ရေစီးရေလာ ပြန်လည်ကောင်းမွန်မည့်အပြင် ပေါက်တော မြို့မဈေးဝင်ပေါက်မှ ကစ္ဆပနဒီမြစ်၏ ပုဏ္ဏားကျွန်းမြို့နယ် လက်ပံပြားကျေးရွာအထိ မိုင် ၂၀ ခန့်ကို ရေလမ်းကြောင်းခရီးဖြင့် လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **မြင်းမူမြို့နယ် ကျွဲရိုက်ကျေးရွာအုပ်စု လက္ကပင်ကျေးရွာ ကမ်းပါးပြိုမှုမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကမ်းပါး မြေထိန်းနံရံနှင့် ရေလွှဲရေကာတာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဧရာဝတီမြစ် ကမ်းပြိုကာကွယ်ရေးအတွက် ဧရာဝတီမြစ်ကမ်းပါး မြေထိန်းနံရံများ တည်ဆောက်ပေးရန်နှင့်စပ်လျဉ်းပြီး ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ လက္ကပင်ကျေးရွာ ကမ်းပြိုကာကွယ်ရေး ဆောင်ရွက်ပေးရန် လိုအပ်သည့် အလျားပေ ၁၀၀၀ ခန့်နေရာများတွင် မြေထိန်းနံရံနှင့် တမံတည်ဆောက်ပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေစာရင်းတွင်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေစာရင်းတွင်လည်းကောင်း ပါဝင်ခြင်းမရှိသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ပုံငွေရရှိရေးလျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို မေ ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သူရဇော်၊ အေးအေးသန့်)**


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး ရှင်းလင်း ဖြေကြားစဉ်။

# ဝ၊ ဟောက်၊ ငိုက်၊ တိုက် သူများအတွက်

"ဝင်ပါခင်ဗျ၊ ထိုင်ကြပါခင်ဗျ၊ ဘယ်သူဘာဖြစ်လို့တုန်း"

ပဋိသန္ဓာရ စကားပါ။ ဆေးခန်းထိုင်နေတုန်း မိတ်ဆွေ လင်မယား ဝင်လာတာပါ။

လူနာကြည့်ချိန်ဆိုတော့ ဝင်လာတဲ့လူနှစ်ယောက်မှာ တစ်ယောက်ကတော့ လူနာဖြစ်ဖို့များပါတယ်။ ခက်တာက လူနာက ဘယ်သူမှန်းခွဲမသိရတော့ လူနာက ဘယ်သူတုန်းလို့ မေးလိုက်ရတာပေါ့။ ဆေးခန်းစာအုပ်က နာမည်ကိုလည်း လှစ်ခနဲမကြည့်လိုက်မိပဲကိုး။

လူနာ၏ဇနီး။ ။ သူကတော့ ဘာမှမဖြစ်ဘူးဘဲ ငြင်းနေတယ်။ ကျွန်မကတော့ သိနေတယ်။ သူပုံမှန်မဟုတ်ဘူး။ စိတ်လေနေလားမသိဘူး။ ကားမောင်းရင်းလည်း ငိုက်လိုက်၊ တိုက်လိုက်နဲ့။ အားရင်လည်း အိပ်နေတာပဲ။ အိပ်လို့ကို မဝနိုင်ဘူးဆရာ။ အဲဒါ ဆေးစစ်ပေးပါဦး။

ကျွန်တော်တို့ ဆရာဝန်များအဖို့ အလိုအလျောက်ထိုးဖောက်သိမြင်နိုင်တဲ့ အစွမ်းတော့မရှိပါဘူး။ အဲဒီတော့ လူနာရှင်ကဆေးစစ်ခိုင်းသည်ပေါ့။ ဆေးစစ်ခိုင်းရင် စစ်ဆေးခြင်းကစရပါတယ်။ ဒါကြောင့်

**ဆရာဝန်။ ။ အဲ ဆေးစစ်တာတော့ ဟုတ်ပါပြီ။ စပြီးမေးပါရစေဦး။ လူနာက ပြောပါဦး။ ဘာတွေခံစားနေရတုန်း။**

လူနာ။ ။ အလကားပါဆရာရယ်။ အားရင်တော့ အိပ်မိပါတယ်။ လုပ်စရာရှိရင် လုပ်ပါတယ်။ ကျွန်တော့်အလုပ်က ကားမောင်းတာဆိုတော့ မောင်းစရာရှိမှ မောင်းမှာပေါ့ဆရာရယ်။

လူနာ၏ဇနီး။ ။ အရင်တုန်းကနဲ့ မတူဘူးဆရာ။ ခုက ငိုက်ငိုက်နေတယ်။ ဟိုနေ့ကတောင် မီးပွိုင့်မှာ ကားချင်းငြိတော့မလို့တဲ့ ။ ကျွန်မမှာ စိတ်ပူလိုက်ရတာ။

**ဆရာဝန်။ ။ ခင်ဗျားကို ကြည့်ရတာ ဝလာတယ်နော်။ စားကောင်းအိပ်ကောင်းတယ်ထင်တယ်။**

လူနာ၏ဇနီး။ ။ အစားတော့ ကောင်းပါတယ်။ ကျွေးရင် မငြင်းဘူး။ အအိပ်လည်းကောင်းပ့ါ။ ခေါင်းအုံးနဲ့ ခေါင်းနဲ့မထိခင်ကတည်းက အိပ်ပျော်နေပြီ။ အိပ်ရင်လည်း ဟောက်ပ။ တခေါခေါနဲ့။ ကျွန်မတော့ သူ့နား ကပ်မအိပ်နိုင်ဘူး။ တစ်ခါတစ်ခါများ အသက်ရှူရပ်သွားတတ်သေးတယ်။ ဟောက်သံကတစ်မျိုး၊ အသက်ရှူရပ်သွားမှာကြောက်လို့ ဘေးစောင်းပေးရတာတစ်မျိုးနဲ့ ကျွန်မက အိပ်မရဖြစ်နေတယ် ဆရာရေ့။

**ဆရာဝန်။ ။ ဒါဆို ကျွန်တော် လူနာနှစ်ယောက်ရပြီပေါ့။**

လူနာ။ ။ သူက အိပ်မရတာ၊ သူကလူနာဖြစ်မှာပါ။ မဟုတ်ဘူးလား ဆရာရဲ့ ကျွန်တော်ကအိပ်ကောင်း၊ စားကောင်းနဲ့။

**ဆရာဝန်။ ။ ဟားဟား ။ မဟုတ်သေးဘူး။ သူက ခင်ဗျားဟောက်လို့ အိပ်မရတာ၊ စိုးရိမ်လို့အိပ်မရတာ မဟုတ်လား။ ရောဂါကြောင့် အိပ်မပျော်တာ မဟုတ်ဘူးလေ။ ခင်ဗျားက ရောဂါတစ်ခုခုဖြစ်နေမယ်ထင်တယ်။**

လူနာ၏ဇနီး။ ။ ဆရာက ရောဂါတွေ့ပြီပေါ့။

**ဆရာဝန်။ ။ ကျွန်တော် မေးရင်း၊ ရှင်းရင်း လုပ်ပါ့မယ်။ ခင်ဗျားအရင်ကထက် ဝလာတယ်မဟုတ်လား။ စားကောင်း အိပ်ကောင်းဖြစ်နေတယ်မဟုတ်လား။ တစ်ယောက်ထဲ တီဗွီကြည့်ရင်း အိပ်ပျော်သွားတတ်သလား။ ကားစီး၊ မောင်းရင်း၊ မီးပွိုင့်မိရင်း အိပ်ငိုက်၊ အိပ်ပျော်သွားတတ်သလား။ အိပ်ရာထ မလန်းမဆန်းဖြစ်နေတယ်မလား။**

လူနာ၏ဇနီး။ ။ ကွက်တိပဲဆရာရေ။ အကုန်မှန်နေပြီ။

**ဆရာဝန်။ ။ ဒါဆိုရင် OSA လို့ခေါ်တဲ့ "အိပ် ဟောက် ရှူပိတ်" ရောဂါဗျ။**

လူနာ။ ။ ဆရာ့ရောဂါကြီးကလည်း မကြားဖူးပေါင်ဗျာ။

**ဆရာဝန်။ ။ ရှင်းပါ့မယ်။ အင်္ဂလိပ်လိုတော့ "Obstructive Sleep Apnoea" OSA လို့ခေါ်တယ်ဗျာ။ ကျွန်တော်ကတော့ ခေါ်ရလွယ်အောင် "အိပ် ဟောက် ရှူ ပိတ်"လို့ပြောလိုက်တာပါ။ လူနာက အအိပ်ကြီးတယ်။ အိပ်ချင်နေတတ်တယ်။ အိပ်ပျော်လွယ်တယ်။ အဟောက်သန်တယ်။ အိပ်ရင်ဟောက်တာကိုပြောတာပါ။ အိပ်နေရင်း အသက်ရှူလမ်းကြောင်းပိတ်သွားတတ်တယ်။ အဲဒီအချိန်မှာ ခဏလောက် ဟောက်သံပျောက်သွားတယ်။ ပြီးမှ အသက်ပြင်းပြင်းပြန်ရှူတတ်တယ်။ အအိပ်သန်ပြီး အိပ်နေချိန်မှာ လည်ပင်းက အသက်ရှူလမ်းကြောင်းပိတ်သွားတဲ့ ရောဂါပေါ့ဗျာ။**

လူနာ၏ဇနီး။ ။ ဆရာ့လူနာက အိပ်လို့ဝကို မဝနိုင်ဘူး ဆရာရဲ့။

**ဆရာဝန်။ ။ ဆက်ပြီးရှင်းပါ့မယ်။ "ဝ" တဲ့လူတွေမှာ အဖြစ်များတယ်။ လည်ပင်းကကြွက်သားတွေက အိပ်ချိန်မှာ ပျော့သွားတယ်။ ခန္ဓာကိုယ်ရဲ့ အခြားကြွက်သားတွေလိုပေါ့ဗျာ။ ဒီ OSA လူနာတွေမှာတော့ ပိုဖြစ်တတ်တယ်။ အဲဒီတော့ အဆုတ်ထဲလေဝင်မယ့် လမ်းကြောင်းကျဉ်းသွားတာပေါ့။ ဟောက်သံကြားရတဲ့အချိန်ပေါ့။**

လူနာ၏ဇနီး။ ။ တစ်ခါတစ်ရံ အသက်ရှူပါရပ်တာ ဆရာရဲ့။

**ဆရာဝန်။ ။ ဦးနှောက်က ကြက်အိပ်ကြက်နိုး အိပ်တာနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်တာဆိုပြီး ရှိတယ်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျပြီဆိုရင် အဲဒီကြွက်သားတွေ လုံးဝအားမရှိတော့လောက်အောင် ပျော့သွားတယ်။ အဲဒီအချိန်ဆို လည်ချောင်းက ကြွက်သားတွေ လုံးဝပြားကပ်သွားတယ်လေ။ ဒီတော့ လူနာက အသက်ရှူနေပေမယ့် လေတွေ အဆုတ်ထဲဝင်လို့မရတော့ဘူး။**

လူနာ။ ။ ဒါဆိုသေသွားမှာပေါ့ဆရာ။

**ဆရာဝန်။ ။ ဦးနှောက်မှာက အာရုံခံစနစ်ရှိတယ်ဗျ။ လေမဝင်ရင် လေထဲက အောက်ဆီဂျင်သွေးထဲ မရောက်တော့ဘူး။ ဒီတော့ ဦးနှောက်က အောက်ဆီဂျင်မရတော့ဘူး။ ဦးနှောက်က အောက်ဆီဂျင်မရရင် အသက်မရှင်နိုင်ဘူးလေ။ ဒီတော့ ဦးနှောက်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပြီးနားလို့ မဖြစ်တော့ဘူး။ ဦးနှောက်က ပြန်ပြီး နိုးထရတယ်။ ကြက်အိပ်ကြက်နိုး ဖြစ်နေတာပေါ့။**

လူနာ။ ။ ကျွန်တော်ကတော့ မနိုးပါဘူး ဆရာရဲ့။

လူနာ၏ဇနီး။ ။ ရှင်ကသာ မနိုးတာ၊ ဆရာပြောမှ ပုံပေါ်တော့တယ်။ ကျွန်မ ဘေးကနေကြည့်ရင် ရှင်ကဟောက်လိုက်၊ ဟောက်သံပျောက်သွားလိုက်၊ လွန့်လူးလိုက်၊ ပြန်ဟောက်လိုက်နဲ့၊ ရှင်အိပ်နေပုံကို ဘေးကကြည့်ရတာကိုက မသက်မသာရှိလိုက်တာ။

**ဆရာဝန်။ ။ ခင်ဗျားအမြင်မှန်တယ်ဗျ။ ဦးနှောက်ကပြန်နိုးတော့ ကြက်အိပ်ကြက်နိုးဖြစ်နေတယ်။ လေပြွန်ကြွက်သားတွေ နည်းနည်းပြန်တင်းလာပြီး လေပေါက်နည်းနည်း ပွင့်သွားတယ်။ ဘေးကကြည့်ရင် ဟောက်ရာကနေ အသက်ရှူသံ ဟောက်သံပျောက်သွားမယ်။ ပြီးရင် လွန့်လူးတတ်တယ်။ ဟူးဆိုပြီး လေပေါက်ပွင့်သံကြားမယ်။ ပြီးရင်ပြန်ဟောက်မယ်။ အဲဒီလို ပြန်ပြန်ပြီးဖြစ်နေမှာ တစ်ညလုံးပဲ။**

လူနာ၏ဇနီး။ ။ ဟုတ်တယ် ဆရာရေ့။ ကွက်တိပဲ။

**ဆရာဝန်။ ။ ဒါဆိုရင် လိုအပ်တဲ့ ဆေးစစ်တာတွေလုပ်ပေးမယ်။**

လူနာ၏ဇနီး။ ။ ဒါနဲ့ဆရာ၊ ဘာကြောင့် ဖြစ်တာလဲ ပြောပါဦး။

**ဆရာဝန်။ ။ "ဝ"လာတာလည်း အကြောင်းအရင်းတစ်ခုပေါ့။ အကြောင်းတွေကအမျိုးမျိုးပဲ။ လည်ပင်းတုတ်တာ၊ မေးတိုတာ၊ အာသီးကြီးတာတွေလည်းပါတယ်။ သိုင်းရွိုက်ဟော်မုန်းနည်းတာလည်း ရှိသေးတယ်။ အရက်၊ အိပ်ဆေးတွေ သောက်ရင် ပိုဆိုးတယ်။**

လူနာ၏ဇနီး။ ။ ရှင့်ကိုပြောသားပဲ။ အရက်သောက်တဲ့ညတွေဆို အသက်ထွက်မလားတောင် အောက်မေ့ရတယ်။ အသက်ရှူရပ်နေတာအကြာကြီးပဲ။

**ဆရာဝန်။ ။ ဟုတ်တယ်ဗျ။ အရက်နဲ့ အိပ်ဆေးရှောင်ဗျ။**

လူနာ။ ။ တခါတလေပါဆရာရယ်။ မိန်းမက တွန်းပြောနေတာပါ။

**ဆရာဝန်။ ။ ဒီရောဂါက နောက်ဆက်တွဲရောဂါတွေရတတ်တယ်ဗျ။ ဆီးချို၊ သွေးတိုး၊ နှလုံး၊ လေဖြတ်၊ အမောဖောက်ရောဂါတွေရတတ်တယ်။ ဒီထက်ဆိုးတာတွေက လက်ငင်းဒုက္ခပေးတာတွေဗျ။ အိပ်နေတုန်း နှလုံးရပ်သွားတတ်တယ်။ နေ့ခင်းကြောင်တောင်ကြီး ငိုက်မြည်းပြီး ထိခိုက်အန္တရာယ် ကျရောက်တတ်တယ်။ ခင်ဗျားလို ကားမောင်းတဲ့သူတွေမှာတော့ အန္တရာယ်များလွန်းတယ်။ အရက်မသောက်ပါနဲ့ဗျာ။**

လူနာ။ ။ အရက်ကဖြတ်လို့ရပါတယ်။ အိပ်ဆေးလည်းမသောက်ပါဘူး။ ဒါပေမယ့် စားကောင်းပြီး ဝနေတာ၊ ဘယ်လိုမှ မပိန်နိုင်ဘူး ဆရာရဲ့။

ဆရာဝန်။ ။ ဒီရောဂါက အိပ်ချိန်မှာ ကိုယ်တွင်းအောက်ဆီဂျင် လျော့သွားတဲ့အတွက် ခန္ဓာကိုယ်က ဟော်မုန်းဓာတ်တွေ ကမောက်ကမဖြစ်ကုန်တယ်။ ထူးခြားတာတစ်ခုက အစာစားပြီးရင် တင်းတိမ်အောင်လုပ်ပေးတဲ့ ဓာတ်က အလုပ်မလုပ်တော့ဘူးဗျ။ ရှင်းအောင်ပြောရရင် အစာစားသလောက် မတင်းတိမ်ဘူး။ ဆက်ကျွေးရင် ဆက်စားနေတတ်တယ်။ အဲဒီတော့ ပိုပိုပြီးဝလာတော့တာ။ ကိုယ်အလေးချိန်လျှော့ဖို့ကလည်း အိပ်ငိုက်ပြီး နုံးချည့်ချည့်နဲ့မို့ လှုပ်ရှားချင်စိတ်မရှိပြန်ဘူး။ ဒီတော့ဝပြီးရင်းဝပေါ့။

လူနာ။ ။ ဒါဆိုဘယ်လိုကုမှာတုန်း၊ သောက်ရမယ့် ဆေးမှန်မှန်သောက်ပါ့မယ်။

**ဆရာဝန်။ ။ သောက်ရမယ့် ဆေးမရှိဘူးဗျ။ မပေါ်သေးဘူး။**

လူနာ။ ။ ကုမရဘူးပေါ့ ဟုတ်လားဆရာ။

**ဆရာဝန်။ ။ ဆန္ဒမစောပါနဲ့ဗျာ။ ပြောတာလေးပြီးအောင်နားထောင်ပါဦး။ ခုထင်ထားတဲ့ OSA ရောဂါသေချာအောင် Sleep Study ခေါ်တဲ့ အအိပ်စစ်စက်နဲ့ စမ်းရပါမယ်။ တစ်ညလောက် စက်နဲ့ကြိုးလေးတွေတပ်ပြီး အိပ်ရမယ်။ ပြီးရင်စက်ကရတဲ့ အချက်တွေနဲ့ ရောဂါရှိ၊ မရှိစစ်မယ်။ ရှိရင် ရောဂါ နု၊ လတ်၊ ရင့် ခွဲခြားသတ်မှတ်မယ်။ ပြီးရင် ကုရမယ့်အခြေအနေဆို ကုမယ်လေ။ ဆေးမရှိပေမယ့် စက်ရှိပါတယ်။ စက်တပ်ပြီးအိပ်ရတယ်။**

လူနာ။ ။ စက်တပ်ပြီးအိပ်တော့ ပိုမအိပ်ဘူးလား။

**ဆရာဝန်။ ။ ဟုတ်တယ်။ ပိုအိပ်တယ်။ ဒါပေမယ့် အိပ်ချိန်ပိုသွားတာမျိုး မဟုတ်ပါဘူး။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာ။ Quality Sleep ဖြစ်သွားတာ။ အဲဒီတော့ အိပ်ရာထရင် လန်းဆန်းသွားတယ်။ နေ့ခင်းကြောင်တောင်ကြီးငိုက်မနေတော့ဘူး။ သွက်သွက်လက်လက်ကြည်ကြည်လင်လင် ဖြစ်လာတယ်။ နောက်ဆက်တွဲရောဂါတွေဖြစ်ဖို့ နည်းသွားမယ်။ အဲဒီရောဂါတွေရှိနေရင်လည်း သက်သာလာမယ်။**

လူနာ၏ဇနီး။ ။ ဘယ်လိုစက်မျိုးလဲဆရာ။ သူစက်တပ်ထားရင် ကျွန်မကကော ဘေးမှာအိပ်လို့ရပ့ါမလားဆရာ။

**ဆရာဝန်။ ။ စက်က CPAP (Continuous Positive Airway Pressure) လို့ခေါ်တယ်။ အရွယ်က အုတ်နီခဲသာသာပဲရှိတယ်။ စက်သံမကြားရသလောက်ဘဲ။ စက်ကနေလေမှုတ်ပေးတယ်။ ပိုက်နဲ့ဆက်ပြီး လူနာရဲ့ နှာခေါင်း၊ ဒါမှမဟုတ် နှာခေါင်းနဲ့ပါးစပ်ကိုအုပ်ပေးတဲ့ mask နဲ့ဆက်ပေးထားတယ်။ Mask ကိုတော့ ဦးခေါင်းမှာမြဲအောင် ကြိုးနဲ့သိုင်းထားရတာပေါ့။ လူနာတွေကောင်းကောင်းအိပ်လို့ရသလို ဘေးကအိပ်တဲ့လူနာရှင်တွေလည်း စိုးရိမ်ကင်းစွာ အိပ်ပျော်ကြပါတယ်။**

လူနာ၏ဇနီး။ ။ ဆရာပြောသလိုဆိုရင် လူနာက စက်တပ်အိပ်ရင် ကောင်းပြီပေ့ါနော်။ အလုပ်နားရဦးမှာလား။

**ဆရာဝန်။ ။ စက်တပ်အိပ်ရင် နောက်ရက်ဆိုကောင်းပြီ။ လူနာအလုပ်လုပ်နိုင်ပြီ။ ဒါပေမယ့် စက်က ညတိုင်းတပ်အိပ်ရပါတယ်။ နေ့အိပ်ရင်လည်း တပ်ရမှာပဲ။**

လူနာ။ ။ ဘယ်လောက်ကြာကြာတပ်ရမှာလဲ။ တစ်သက်လုံးတပ်ရမှာလား ဆရာ။

**ဆရာဝန်။ ။ ခင်ဗျားငယ်ငယ်တုန်းကလို ပိန်သွားပြီး မဟောက်တော့တဲ့ အထိဘဲ။**

လူနာ။ ။ စားကောင်းကောင်းနဲ့ ဘယ်လိုလုပ်ပြီးပိန်ပ့ါမလဲ။ တစ်သက်လုံး တပ်ရမယ်ထင်ပါရဲ့။

**ဆရာဝန်။ ။ စက်တပ်အိပ်ရင် အစာစားတဲ့အခါမှာ ရောင့်ရဲတင်းတိမ်စိတ် ပြန်ရှိလာမယ်။ ကိုယ်လက်လှုပ်ရှားမှု ပိုလုပ်နိုင်မယ်။ အဲဒီတော့ ပိန်ချင်တဲ့ ဆန္ဒသာပြင်းပြပြီး အစာလျှော့စား၊ လေ့ကျင့်ခန်းလုပ်ရင် ပိန်သွားနိုင်ပါတယ်။**

လူနာ၏ဇနီး။ ။ အဆီတွေခွဲထုတ်ပစ်ရင်ကောဆရာ၊ လည်ပင်းခွဲစိတ်ရင်ကောဆရာ။

**ဆရာဝန်။ ။ အဲဒီရောဂါအတွက် ခွဲစိတ်ကုသနည်းတွေရှိပါတယ်။ သင့်တော်တဲ့လူနာတွေကိုတော့ ခွဲစိတ်ကုသမှုက အထောက်အကူပြုပါတယ်။ ခွဲသည်ဖြစ်စေ၊ မခွဲသည်ဖြစ်စေ အရင်ဆုံးစလုပ်ရမှာတော့ စက်ကို မှန်မှန်သုံးအိပ်ဖို့၊ ကိုယ်အလေးချိန်လျှော့ချဖို့၊ အရက်နဲ့အိပ်ဆေးရှောင်ဖို့ပါပဲဗျာ။**

လူနာ။ ။ ဒါဆိုရင် ဆရာပြောတဲ့ အတိုင်းရောဂါရှိ၊ မရှိ ဆေးစစ်တော့မယ်ဆရာ။ Sleep Study လုပ်မှာပေ့ါနော်။ ဒါနဲ့ရောဂါနာမည်က----

လူနာ၏ဇနီး။ ။ရှင်တို့လို "ဝ၊ ဟောက်၊ ငိုက်၊ တိုက်" လူတွေမှာဖြစ်တတ်တဲ့ "အိပ် ဟောက် ရှူ ပိတ်" ရောဂါပေ့ါနော်။ ဟုတ်တယ်မဟုတ်လားဆရာ။

ဆရာဝန်။ ။ ဟုတ်ပဗျာ၊ ဟုတ်ပ။ "ဝ၊ဟောက်၊ငိုက်၊တိုက်" လူတွေမှာဖြစ်တတ်တဲ့ "အိပ် ဟောက် ရှူ ပိတ်" ရောဂါပေ့ါဗျာ။

(ရောဂါရှိသူများ ရောဂါသိ၊ ကုထုံးမိပြီး ပျောက်ကင်းသက်သာစေရန် ရည်ရွယ်လျက် ရေးသားအပ်ပါတယ်။)

ပါမောက္ခ ဒေါက်တာဝင်းနိုင်

# ကျွန်တော်မှတ်သားထားသော စကားများ - ၁

ဝင်းချစ်
(အမျိုးသားစာပေဆုရ)

ကျွန်တော် ငါးတန်း၊ ခြောက်တန်း(၁၉၅၆ ဝန်းကျင်)တုန်းက ကျွန်တော်တို့ ဦးလေး(အဖေ့ညီအရင်း)က ရုံးကိစ္စနဲ့ မန္တလေးကိုလာတဲ့အခါ ကျွန်တော်တို့ [ဒီဘိုးလမ်း၊ (၃၁)လမ်း၊ (၈၆) နှင့် (၈၇)ကြား)]အိမ်မှာပဲ တည်းပါတယ်။ ဦးလေးက ထောက်ပံ့ရေးမင်းကြီးပါ။

မင်းကြီးလာတယ်ဆိုတော့ ကျွန်တော်တို့အိမ်ကိုလာကြတဲ့ ကြိုတဲ့သူ၊ ပို့တဲ့သူ၊ အလုပ်ကိစ္စနဲ့လာတဲ့သူ အရာရှိကြီး/ငယ် အစုံပါပဲ။ တစ်နေ့မှာတော့ သမဝါယမဝန်ထောက်က သူ့အပြောင်းအရွှေ့ကိစ္စအတွက် အိမ်ကိုလာပါတယ်။ သူက မုံရွာကနေ မိသားစုရှိတဲ့ မန္တလေးကိုပြောင်းချင်လို့ ဦးလေးကို လာတွေ့တာပါ။ အဲဒီအချိန်က ဦးလေးမရှိတော့ ကျွန်တော့်အဖေကို အကျိုးအကြောင်းပြောပြပြီး ဘန်ကောက်ပုဆိုးတစ်အုပ်နဲ့ ဝက်အူချောင်းတစ်ထုပ်ကို မင်းကြီးအတွက် လက်ဆောင်ပါဆိုပြီး ပေးသွားပါတယ်။(အဲဒီဝန်ထောက်က ကျွန်တော့်အတန်းဖော် ရှမ်းပွဲမှာနေတဲ့ မောင်မောင်တင့်ရဲ့ ဦးလေးပါ။ အိမ်ကို မောင်မောင်တင့်လည်း ပါလာပါတယ်။)

နောက်တစ်ရက်ကျ ကျွန်တော့်ဦးလေးကို လာတွေ့ပါတယ်။ အဲဒီအချိန်မှာ တခြားအရာရှိတွေလည်း အများကြီးရှိနေပါတယ်။ ကျွန်တော့် ဦးလေးက "ခင်ဗျားရဲ့ အပြောင်းအရွှေ့က ခင်ဗျားတင်ပြထားတာတွေ အမှန်ပဲဆိုရင် ရမှာပါ။ ဒီတော့ **မင်းကြီးက ဘန်ကောက်ပုဆိုးလက်ဆောင်ရလို့ အပြောင်းအရွှေ့လုပ်ပေးတာလို့ ပြောကြလိမ့်မယ်။ ခင်ဗျားပုဆိုးကို ပြန်ယူသွားပါ။ ဝက်အူချောင်းကိုတော့ထားခဲ့။ ကျွန်တော်စားမယ်"**လို့ ပြောလိုက်ပါတယ်။

အဲဒီအချိန်(၁၁)နှစ်သားလောက်သာရှိသေးတဲ့ ကျွန်တော်က လူကြီးတွေရဲ့ပြောစကားတွေကို ဘာဖြစ်လို့သိနေရတာလဲလို့မေးရင် ကျွန်တော့်မိဘဘိုးဘွားတွေက ကလေးဆိုပြီး လူကြီးတွေစကားဝိုင်းမှာ လာမရှုပ်ရဘူးလို့ ဘယ်တော့မှမဟန့်တားခဲ့ပါဘူး။ ကျွန်တော်ကလည်း အဖေ့သူငယ်ချင်းတွေ၊ မိတ်ဆွေတွေရဲ့ စကားဝိုင်းမှာ အမြဲတမ်းလိုလိုဝင်ထိုင်ပြီး စိတ်ဝင်တစားနားထောင်တတ်ပါတယ်။ နောက်ပြီး မှတ်မိတာက များပါတယ်။

ဘန်ကောက်ပုဆိုးအကြောင်းပြန်ဆက်ရရင် ဦးလေးကိုပေးတဲ့ ဘန်ကောက်ပုဆိုးက နိုင်ငံကျော် အောင်ပိုးထည်တိုက်က၊ တစ်အုပ်ကို ၅၂ ကျပ်တန်တယ်။ တစ်အုပ်ဆိုတာ ပုဆိုးနှစ်ထည်တွဲကိုပြောတာ။ အောင်ပိုးထည်တိုက်က အောင်ကုမ္ပဏီဆိုပြီးတော့ ဈေးချိုအောက်လိုင်းမှာဖွင့်ထားတာ။(ဈေးချိုအောက်လိုင်းဆိုတာက မူလဈေးချိုက(၈၄)လမ်းပေါ်မှာရှိတဲ့ အတန်းကိုခေါ်တာ။ အောက်လိုင်းနဲ့မျက်နှာချင်းဆိုင်က အတန်းကိုတော့ အရှေ့ဘက်တိုက်တန်းလို့ခေါ်တယ်) "အသီးတွင် သရက်၊ အရွက်တွင် လက်ဖက်၊ အသားတွင် ဝက်၊ အထည်တွင် အောင်ကုမ္ပဏီ" ဆိုပြီး မန္တလေးထုတ် ဗဟိုရ်စည်သတင်းစာမှာ ကြော်ငြာတာ မှတ်မိနေပါတယ်။ ဝက်အူချောင်းက နာမည်ကြီး မုံရွာဝက်အူချောင်း၊ တစ်ပိဿာကို ၅ ကျပ်လောက်ရှိတယ်။

အဲဒီအချိန်က ထောက်ပံ့ရေးမင်းကြီးရဲ့ လစာက ကျပ် ၁၆၀၀၊ နေဖို့ဝင်းဒါမီယာထဲမှာ ခြံကျယ်ကြီးနဲ့ တိုက်ခံနှစ်ထပ်အိမ်ကြီးပေးထားပြီးတော့ စီးဖို့ အိုပယ်ဆလွန်းကား တစ်စီးလည်း ပေးထားပါတယ်။ ရွှေတစ်ကျပ်သား

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လူငယ်များ စွမ်းအားရှိနိုင်ကြပါစေ

## အေးချမ်း

အခြေခံပညာကျောင်းများ ပြန်ဖွင့်ပါတော့မယ်။ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းအပ်လက်ခံနေကြပါပြီ။ အနာဂတ်ရဲ့ သားကောင်းရတနာလေးများ အင်အားသစ်နဲ့ နှစ်သစ်ကို စကြပါတော့မယ်။ မိဘတွေကလည်း ထူးချွန်ထက်မြက်တဲ့၊ ပညာတော်တဲ့ သားသမီးများဖြစ်ဖို့ ရည်မှန်းချက်တွေနဲ့ ကျောင်းအပ်နေကြပါပြီ။ ဆရာ ဆရာမတွေကလည်း တစ်နှစ်တာလုံး မေတ္တာ၊ စေတနာ၊ ကရုဏာ၊ အနစ်နာတွေနဲ့ သင်ကြားပေးဖို့ လုံးပန်းနေကြပါပြီ။ ပညာသင်နှစ်နှစ်တစ်နှစ်ရဲ့အစကို ကောင်းခြင်းမင်္ဂလာများနဲ့ ကြိုဆိုလိုက်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ပထမတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုတွေကို ဝန်ကြီးဌာနအလိုက် သတင်းစာရှင်းလင်းပွဲတွေပြုလုပ်ခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစိုးရရဲ့ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုမှာ ဦးစားပေးလုပ်ငန်းတွေအနေနဲ့ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်းအနည်းဆုံး၊ မူလတန်းပညာ ပြီးမြောက်အောင်မြင်ပြီး အလယ်တန်း၊ အထက်တန်းပညာတွေကို အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်ရဖို့၊ ကာယဉာဏစွမ်းအားချို့ယွင်းမှု၊ ဆင်းရဲနွမ်းပါးမှု၊ ဝေးလံခေါင်ဖျားမှုများကို စဉ်းစားပြီး ပိုမိုကောင်းမွန်တဲ့ ပညာရေးစနစ်စီစဉ်ဆောင်ရွက်ဖို့၊ ကွဲပြားခြားနားတဲ့ ဘာသာစကားပြောဒေသများမှာ မူလတန်းဆင့်အတွက် တိုင်းရင်းသားဘာသာစကားနဲ့ ယဉ်ကျေးမှုကို ပံ့ပိုးမြှင့်တင်ပေးဖို့၊ ကျောင်းသား၊ ဆရာ အချိုး သင့်တင့်ဖို့၊ ဆရာ ဆရာမများ သင်ကြားပို့ချမှုနဲ့ ဘာသာရပ်ကျွမ်းကျင်မှုမြှင့်တင့်ဖို့၊ ကျောင်းတွေကို အဆင့်မြှင့်တင်ပေးဖို့ဆိုတဲ့ လုပ်ငန်းတာဝန်တွေချမှတ်ဆောင်ရွက်နေကြောင်း ရှင်းလင်းတင်ပြသွားပါတယ်။

အဲဒီသတင်းစာရှင်းလင်းပွဲမှာပဲ မီဒီယာတွေရဲ့အမေးကို ဖြေကြားရာမှာ ဒုတိယဝန်ကြီးက စာမေးပွဲအောင်တာနဲ့ စာတတ်တာကွဲပြားဖို့လိုကြောင်း၊ စာသင်ချိန်ဆယ်လရှိပြီး စာမေးပွဲက နှစ်နာရီသာ မေးခြင်းဖြစ်ကြောင်း၊ ဆန်းစစ်မှုများကို တစ်လျှောက်လုံးဆောင်ရွက်နေကြောင်း၊ မတတ်သေးလျှင်လည်း တတ်အောင်သင်ပေးကြောင်း၊ စာမေးပွဲနှစ်နာရီစာဖြင့် အောင်/ရှုံးကို မဆုံးဖြတ်ဘဲ တစ်နှစ်လုံး ဆန်းစစ်ချက်များဖြင့် ပေါင်းစပ်ပြီးမှသာ အောင်/ရှုံး ဆုံးဖြတ်ကြောင်း ပြန်လည်ဖြေကြားသွားတာ တွေ့ရပါတယ်။

နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်မှု၊ ကောင်းကျိုးဆိုးကျိုးမှန်သမျှဟာ နိုင်ငံတွင်းမှာနေထိုင်ကြတဲ့ နိုင်ငံသားများရဲ့ စွမ်းအားပေါ်မှာ အဓိကမူတည်ပါတယ်။ စွမ်းအားရှိတဲ့၊ စွမ်းရည်ရှိတဲ့၊ အရည်အချင်းရှိတဲ့ တိုင်းရင်းသားပြည်သူလူထုများဖြင့်သာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်၊ ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်မှာပါ။ ဒါကြောင့် ပြည်သူတစ်ဦးချင်းဟာ အတွေးအခေါ်အယူအဆတွေ မှန်ကန်ပြီး ရင့်ကျက်မြင့်မားတဲ့ စိတ်ဓာတ်တွေရှိမှ နိုင်ငံ့ကောင်းကျိုးကို ဖော်ဆောင်နိုင်မှာပါ။ တစ်လုံးတည်းနဲ့ ပြောရရင် နိုင်ငံသားတိုင်း ပညာတတ်ဖို့လိုပါတယ်။ အခြေခံပညာသာ အဓိကပါ။

**နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်မှု၊ ကောင်းကျိုးဆိုးကျိုးမှန်သမျှဟာ နိုင်ငံတွင်းမှာနေထိုင်ကြတဲ့ နိုင်ငံသားများရဲ့ စွမ်းအားပေါ်မှာအဓိကမူတည်ပါတယ်။ စွမ်းအားရှိတဲ့၊ စွမ်းရည်ရှိတဲ့၊ အရည်အချင်းရှိတဲ့ တိုင်းရင်းသားပြည်သူလူထုများဖြင့်သာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်၊ ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်မှာပါ။ ဒါကြောင့် ပြည်သူတစ်ဦးချင်းဟာ အတွေးအခေါ်အယူအဆတွေ မှန်ကန်ပြီး ရင့်ကျက်မြင့်မားတဲ့ စိတ်ဓာတ်တွေရှိမှ နိုင်ငံ့ကောင်းကျိုးကို ဖော်ဆောင်နိုင်မှာပါ။**

### စာတတ်တာနဲ့ ပညာတတ်တာ

ကျွန်တော့်အမြင်ကတော့ စာတတ်တာနဲ့ ပညာတတ်တာ မတူဘူးထင်ပါတယ်။ စာတတ်တယ်ဆိုတဲ့ အဓိပ္ပာယ်က တော်တော်ကျဉ်းပြီးတော့ ပညာတတ်တယ်ဆိုတဲ့ နယ်ပယ်က တော်တော်ကျယ်ပြန့်ပါတယ်။ ဘဝမှာ စာတတ်ဖို့လိုပါတယ်။ စာတတ်ဖို့က အရေးကြီးပါတယ်။ အခြေခံလိုအပ်ချက်ပါ။ ဒါပေမယ့် စာတတ်တာလောက်နဲ့တင်တော့ ဘဝအတွက်သာမက ပတ်ဝန်းကျင်နဲ့ နိုင်ငံအတွက်ပါ လုံလောက်မှုမရရှိနိုင်ပါဘူး။ အသက်အရွယ်၊ အဆင့်အတန်းနဲ့ ကိုက်ညီတဲ့ အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်၊ စဉ်းစားဆင်ခြင်မှု စတဲ့ရင့်ကျက်မှုတွေရှိဖို့ လိုအပ်ပါတယ်။

အမှန်အတိုင်းပြောရရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးဟာ တော်တော်နိမ့်ကျခဲ့ပါတယ်။ ဟိုဝေးဝေးကိုမမီလို့ မလှမ်းချင်ပေမယ့် အငြိမ်းစားယူခါစ ကျွန်တော့်သက်တမ်းနဲ့ယှဉ်ကြည့်တော့ ကျွန်တော်တို့အခြေခံပညာသင်ခဲ့တဲ့ကာလလောက်က ပညာရေးစနစ်က ကောင်းခဲ့တယ်လို့ထင်ပါတယ်။ ပညာတတ်တွေ မွေးထုတ်ပေးနိုင်ခဲ့တယ်လို့ ထင်တယ်။ ရှင်းရှင်းပြောရရင် ဆိုရှယ်လစ်ခေတ်အထိ ပညာရေးက အခုလောက်မညံ့ဘူးထင်တယ်။ အခြေခံပညာကျောင်းတွေမှာ ကျောင်းစာဘာသာရပ်အပြင် ဖွံ့ဖြိုးရေးဆိုင်ရာဘာသာရပ်တွေဖြစ်တဲ့ စိုက်ပျိုးရေး၊ ဂီတ၊ အားကစား၊ ပန်းချီ စတာတွေလည်းပါတယ်။ တကယ်လည်း လုပ်ရတယ်။

စိုက်ပျိုးရေးချိန်ဆိုရင် ကျောင်းဥယျာဉ်ထဲသွားပြီး စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ ဆရာတွေက ကြီးကြပ်၊ သင်ကြား၊ စိုက်ပျိုးရေးတွေလုပ်၊ သစ်ပင်စိုက်၊ ရေလောင်းကအစပေါ့။ ပန်းချီယူထားရင်လည်း နှစ်စကတည်းက ပုံဆွဲစာအုပ်ဆိုတာ ဝယ်ထားရတယ်။ ရှုခင်းပုံ၊ ပုံတူပန်းချီစတာတွေ သင်ကြားပေးတယ်။ အလားတူ အားကစားဆိုလည်း ဝါသနာပါရာ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ကွင်းထဲ လက်တွေ့ဆင်း၊ ကာယဆရာက နည်းစနစ်သင်ကြားပြသပြီး လက်တွေ့ကစားရတာ၊ ဂီတလည်းဒီလိုပဲ အဆို၊ အက၊ အရေး၊ အတီး စည်းနဲ့ဝါး၊ စည်းနဲ့ငါး ဆိုပြီး စခဲ့ကြတယ်။ ခြုံပြောရရင် ကလေးဘဝမှာ ဖွံ့ဖြိုးရေးဘာသာရပ်တွေကို ထိတွေ့ဆက်ဆံခွင့်၊ သင်ယူလေ့လာခွင့်ရခဲ့ကြတယ်။ ဒါတွေဟာ ဘဝလိုအပ်ချက် အသိပညာတိုးပွားစေတဲ့ စာသင်ချိန်ထဲက သင်ခန်းစာတွေပါပဲ။

နောက်ပိုင်းတော့ အဲဒီဖွံ့ဖြိုးရေးချိန်တွေဟာ အချိန်ဇယားပေါ်မှာသာရှိပြီး တော်တော်များများ လက်တွေ့မလုပ်ကြတော့ဘူးလို့ပြောကြတယ်။ စာသင်တာပဲ အဓိကထားကြတယ်တဲ့။ ကလေးတွေဘဝကလည်း သနားစရာကောင်းတယ်။ စာပြီးစာပဲဖြစ်နေတယ်။ ပတ်ဝန်းကျင်ကို လှည့်ချိန်မရှိလောက်အောင်ပါပဲ။ မိုလင်းကတည်းက ကျောပိုးအိပ်အပြည့် စာအုပ်တွေသယ်ပြီး ကျူရှင်သွား၊ ကျူရှင်ပြီး ကျောင်း၊ ကျောင်းပြီး ကျူရှင်၊ ညမှောင်မှ ပြန်ရောက်၊ ထမင်းစားပြီးတော့လည်း မိဘက စာကျက်ဖို့ မောင်းဆိုတော့ ဒီကလေးတွေဒုက္ခ စဉ်းစားသာ ကြည့်ပါတော့။

ကျူရှင်ဆိုတာက တတ်နိုင်တဲ့သူပဲ တက်ကြတဲ့ခေတ်မဟုတ်တော့ဘူး၊ အရင်ကလို ကျောင်းမှာ စာမလိုက်နိုင်မှသာ ကျူရှင်ကို မတတ်သာလို့ တက်ရတဲ့ကာလမဟုတ်တော့ဘူး။ ကျူရှင်မတက်ရင် ဒုက္ခရောက်မှာစိုးလို့ မဖြစ်မနေ ရုန်းကန်ပြီး ထားနေကြရတာ။ တတ်နိုင်တာ၊ မတတ်နိုင်တာ အပထား၊ ကိုယ့်သားသမီးကို ကျူရှင်မှမထားရင် စာမတတ်တော့ဘူးလို့ ထင်နေကြတဲ့အဖြစ်ရောက်နေတာပါ။ စနစ်တွေ ဘယ်လိုပြောင်းပြောင်း၊ ကျူရှင်မသင်ရဘူး ညွှန်ကြားချက်တွေ ထုတ်ထုတ်၊ ဒီကျူရှင်စနစ်က ရှင်သန်ဆဲ၊ အောင်မြင်ဆဲ၊ ပန်းပန်လျက်ပါပဲ။

ကျွန်တော်တို့ ငယ်ငယ်က စာမေးပွဲစနစ်နဲ့ အောင်/ရှုံးပေးတာပါ။ ကောင်းတာ၊ မကောင်းတာတော့ မပြောတတ်ဘူး။ ဒါပေမယ့် ကောင်းတာတစ်ခုတော့ရှိတယ်။ အဲဒါက ကျောင်းသားဆိုရင် စာကြိုးစားရမယ်ဆိုတဲ့ အသိကို ကလေးတိုင်းမှာရှိစေတယ်။ ငါ ကျောင်းသား၊ ကြိုးစားမှ အောင်မယ်။ မကြိုးစားရင် ကျမယ်။ အချိန်ကုန်တယ်။ လူပန်းတယ်ဆိုတဲ့အသိကို ငယ်ငယ်ကတည်းက ရခဲ့ကြတယ်။

ကလေးသူငယ်တစ်ဦးချင်းစီမှာ လက်ခံသင်ယူနိုင်မှု၊ နားလည်တတ်မြောက်မှု၊ ကျွမ်းကျင်လိမ္မာမှု စတဲ့ ပင်ကိုအရည်အသွေးတွေက မတူနိုင်ဘူး၊ ဦးနှောက်က လက်ခံနိုင်တဲ့ အရည်အချင်းက ကွဲပြားမှာပါ။ နောက်တစ်ခုက ကြိုးစားချင်စိတ်ကလည်း မတူပါဘူး၊ ဘယ်လောက် ဦးနှောက်ကောင်းတဲ့ကလေးဖြစ်ဖြစ် ကြိုးစားချင်စိတ်မရှိရင် ထိုက်သင့်တဲ့ နားလည်တတ်မြောက်မှုမရှိနိုင်ပါဘူး။ ဒါကြောင့် အတန်းစဉ်နားလည်တတ်မြောက်မှု၊ အောင်မြင်မှုစဉ်းစားရာမှာ ဒီအချက်တွေ ထည့်သွင်းစဉ်းစားသင့်ပါတယ်။

ကျွန်တော့်မှာ သားနှစ်ယောက်ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် ခုနစ်နှစ်လောက်ကွာတယ်။ သားအကြီးတုန်းက မအောင်မရှိစနစ် မဟုတ်သေးဘူး။ စာပေးပွဲအောင်တာ၊ ကျတာရှိတယ်။ သူ့စိတ်ကလည်း ကြိုးစားချင်စိတ်ရှိတယ်။ အဲဒီတုန်းက ကျွန်တော်က ကျောင်းအုပ်ကြီး၊ တကယ့်မြို့ကြီးဆိုတော့ နာမည်ကြီးတဲ့ကျောင်းတွေရှိတယ်။ လူကြီး သားသမီးတွေ၊ သူဌေးသူကြွယ်တွေရဲ့ သားသမီးတွေ တိုးပြီး ဝင်ခွင့်ရဖို့တောင် ခက်ခက်ခဲခဲကြိုးစားရတဲ့ ကျောင်းတွေရှိတယ်။ ကျွန်တော့်ကျောင်းက ဆရာ ဆရာမတချို့ကပြောတယ်။ သားကို ဘယ်ကျောင်းမှာထားပါလားပေါ့။ ကျွန်တော် လက်မခံခဲ့ပါဘူး။ ကောင်းစေချင်လို့ အကြံပေးကြတာကျေးဇူးပါ။ ဒါပေမယ့် ကျောင်းအုပ်လုပ်တဲ့ ကျွန်တော်က ကိုယ့်ကလေးကျတော့ နာမည်ကြီးကျောင်းမှာထားတယ်ဆိုရင် လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမတွေ၊ တပည့် ကျောင်းသား ကျောင်းသူတွေကို ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်နေရမှာလဲ၊ ဒ့ါကြောင့်ပါ။

ပြောရရင် သားကြီး နှစ်စဉ်စာမေးပွဲအောင်ပါတယ်။ သူကိုယ်တိုင်ကလည်း ကြိုးစားပါတယ်။ ဉာဏ်ကလည်း ကောင်းပါတယ်။ ခု ဆရာဝန်ဖြစ်နေပါပြီ။ သားအငယ်ကျတော့ သူနဲ့ ခုနစ်နှစ်လောက်ကွာတော့ နောက်ကျတော့ ကံမကောင်းအကြောင်းမလှစွာနဲ့ မအောင်မရှိငါ့တပည့်ခေတ်ကို ပျော်ပျော်ပါးပါးချီတက်ခဲ့တာ တက္ကသိုလ်ဝင်စာမေးပွဲကို ငါးနှစ်ဖြေမှ အောင်တယ်။ ကျွန်တော် အထက်မှာကတည်းက စကားခံခဲ့ပါတယ်။ လူတိုင်း ဒီလိုတော့ မဟုတ်ပါဘူး။ ကြိုးစားချင်စိတ်ပေါ်လည်းမူတည်ပါတယ်။ ဒါပေမယ့် ယေဘုယျကတော့ တန်းစဉ်တန်းဘက် မအောင်မရှိနဲ့အောင်လာပြီး ဆယ်တန်းကျမှ ဇလုပ်တိုက်နဲ့တွေ့တော့သွားပြီးပေါ့၊ ကျွန်တော် သူ့ကို အပြစ်မပြောခဲ့ဘူး။ အခြေခံမှ မပါခဲ့ဘဲ။ ငါးနှစ်နဲ့အောင်တာကျေးဇူးတင်ရမယ်။ စာပေးစာယူတက်နေတဲ့ တူမတစ်ယောက် မေးကြည့်တယ်။ မြစ်ကြီးနား ဘယ်ပြည်နယ်မှာရှိသလဲ ဆိုတော့ မဖြေတတ်ဘူး။ ကဲ ဘယ်လိုလုပ်ကြမလဲ။

သားငယ်က အောင်ပြီးတော့လည်း တက္ကသိုလ်မှာ နေ့ကျောင်းသားတက်ချင်ကြောင်း မပြောဘူး။ ကျွန်တော်ကလည်း မထားချင်ဘူး။ အကိုက်ဖြစ်သွားတယ်။ စာပေးစာယူပေါ့။ တစ်နှစ်ကျသေးတယ်။ အံ့သြစရာကောင်းတယ်။ ကျွန်တော်လည်း အသက်ငါးဆယ်နားနီးမှ ပညာရေးဘွဲ့စာပေးစာယူတတ်ခဲ့တာ စာစဉ်တွေ နှစ်စဉ်ကိုယ့်ဘာသာကိုယ်တိုင်ဖြေ၊ ကိုယ်တိုင်သွားပို့လုပ်ခဲ့တဲ့ သားတို့ကျတော့ စာစဉ်ဖြေတာလဲမတွေ့။ သူတင်မကဘူး။ တူတွေ တူမတွေလည်း စာပေးစာယူနဲ့ ဘွဲ့ရတာပုံနေပြီ။ ဘာစာစဉ်မှ ဖြေတာမတွေ့ဘူး။ မင်းတို့ဘဝသာယာလှချည်လားပေါ့။ အဲလို အဲလို ဖြစ်နေတာပြောတာပါ။ တစ်ခုကောင်းတာ ရှိတယ်။ သားငယ်က အဲဒီလိုကျောင်းဆွေးလူဆွေးဖြစ်ခဲ့တော့ အသိဉာဏ်၊ အသက်ကြီးလာတာနဲ့အမျှ အတွေးအခေါ်အယူအဆမှာ နည်းနည်းကောင်းလာတယ်။ အဆိုးထဲက အကောင်းပေါ့။ ဘာရယ်မဟုတ်ပါဘူး။ ကိုယ်တိုင်သိရှိဖြတ်သန်းခံစားရတာလေးတွေ မျှဝေတာပါ။

(ဆက်လက်ဖော်ပြပါမည်)

# ထီးချိုင့်မြို့နယ်တွင် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ထီးချိုင့် မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက်က အခြေခံပညာ အထက်တန်းကျောင်း သခင်မြမောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်နှင့် ဦးသိန်းဟန်တို့က ပညာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှု အခြေအနေများ ရှင်းလင်းပြောကြားကာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်က ကျောင်းအပ်နှံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် ကျောင်းအပ်နှံရေးကာလမတိုင်မီ ကြိုတင်လှုပ်ရှားမှုအနေဖြင့် ကျောင်းနေအရွယ်ကလေးများစာရင်းကို ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်၊ကျေးရွာအသီးသီးတွင် စာရင်းများကောက်ခံရယူပြီး ကျောင်းအပ်နှံရေးကာလတွင် ကလေးတိုင်းကျောင်းသို့ရောက်ရှိလာခြင်းရှိ၊ မရှိ စိစစ်လျက်ရှိကြောင်း၊ ကျောင်းအပ်နှံရေးကာလပြီး၍ ဇွန် ၁ ရက်မှ ၁၄ရက်အထိကို ကျောင်းသားကျောင်းသူ စာရင်းအားကြည့်၍ ကျောင်းအလိုက် ကျန်ရှိနေသော ကလေးများအား သက်ဆိုင်ရာ ကျောင်းမှဆရာဆရာမများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ စေတနာရှင်မိဘပြည်သူများနှင့် ပူးပေါင်း၍ ကလေးများ ကျောင်းသို့ ရောက်ရှိလာရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။


ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိဟေမာကျော်က လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များ နိုင်ငံတော်မှထောက်ပံ့ပေးအပ်သော ကျောင်းသုံးဗလာစာအုပ်များ၊ ပုံနှိပ်စာအုပ်များ၊ ကျောင်းဝတ်စုံများ၊ KG တန်းအတွက် သင်ထောက်ကူပစ္စည်း ကစ်ပုံးများ၊မီးသတ်ဆေးဘူးများ၊ အားကစားပစ္စည်းများကို တာဝန်ရှိသူများကပေးအပ်ရာ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူသည်။ **ကျော်ခဲ(ထီးချိုင့်)**



# ရိုးသားမှုနှင့်ယုံကြည်မှုအပေါ်တွင် အခြေခံလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရရှိ

**နေပြည်တော် မေ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တူရကီနိုင်ငံ သံအမတ်ကြီး H.E.Mr. Kerem Divanlioglu အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် သံအမတ်ကြီးက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားပါကြောင်း၊ တပ်မတော် စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလေ့လာစဉ် ပထမမြန်မာနိုင်ငံတော် ထူထောင်ခဲ့သည့် အနော်ရထာမင်းလက်ထက် ရှေးနှစ်ပေါင်း ၁၀၀၀ ကျော်ခန့်ကပင် မြန်မာ-တူရကီနှစ်နိုင်ငံ၏ ရပ်တည်မှု၊ ဆက်ဆံမှုများ ရှိခဲ့ကြောင်း၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ တူညီသည့် သမိုင်းကြောင်းများရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း ပြောကြား၍ လက်ရှိနှစ်နိုင်ငံအကြားလေကြောင်းဆိုင်ရာ၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေသည့် အခြေအနေများ၊ မြန်မာ့တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တူရကီနိုင်ငံ၌ နိုင်ငံတော်ကာကွယ်ရေး ဆောင်ရွက်ရာတွင် ရင်ဆိုင်နေရသည့် အကြမ်းဖက်မှုကိစ္စရပ်များ၊ နိုင်ငံ၏လုံခြုံရေး၊ ဒီမိုကရေစီရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများလုပ်ဆောင်ရာတွင် ပြင်ပ ပယောဂဝင်လာပါက အခက်အခဲများတွေ့ရှိနိုင်မှု အခြေအနေများကို ဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံနှင့်တူရကီနိုင်ငံသည် အလှမ်းကွာဝေးသော်လည်း မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ ရှေးယခင် တူရကီအင်ပါယာမှာ များစွာကြီးမားကျယ်ပြန့်ပြီး ယဉ်ကျေးမှုအရ၊ နည်းပညာအရ၊ စီးပွားရေးအရ မြင့်မားသည်ကို လေ့လာသိရှိရပါကြောင်း၊ လက်ရှိအခြေအနေတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ နယ်ပယ်များစွာရှိကြောင်း၊ တချို့စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် နောက်ကွယ်မှ ကိစ္စရပ်များ ပါဝင်မှုများရှိနေသည်ကို တွေ့ရှိရ၍ သိရှိလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ အကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းများမှာလည်း တစ်နိုင်ငံတည်းလုပ်ဆောင်၍ မရသဖြင့် တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှုဆိုင်ရာများတွင် အပြန်အလှန် သတင်းဖလှယ်ရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်သွယ်မှုလမ်းကြောင်းများ ယခုထက် ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယ အစည်းအဝေး ဆောင်ရွက်ခဲ့မှု၊ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေမှု၊ တူရကီနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ရပ်တည်လုပ်ဆောင်နေမှု အခြေအနေများ၊ အဓိကအားဖြင့် စာရင်းဇယားပြုစုပြီး စိစစ်နိုင်ရေးအတွက် နားလည်လက်ခံလိုက်ပါလုပ်ဆောင်ရန် လိုအပ်မှု၊ ရိုးသားမှုနှင့်ယုံကြည်မှုအပေါ်တွင် အခြေခံလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်ကြောင်းတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် မေ ၃၀**

၂၀၁၇ ခုနှစ် ဇူလိုင်လ (၃)ရက်နေ့တွင် ကျရောက်မည့် **“မြန်မာအမျိုးသမီးများနေ့”** အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **“အားမာန်ဝင့်ကြွား ဂုဏ်မြင့်မား မြန်မာအမျိုးသမီးများ”** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

**ရိုက်ကူးယှဉ်ပြိုင်နိုင်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ လူမှုပတ်ဝန်းကျင်တွင် အားမာန်အပြည့်ဖြင့် တက်ကြွလှုပ်ရှားဆောင်ရွက်မှု၊ တာဝန်ကျေပွန်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာ အရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**စည်းကမ်းချက်**

ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ × ၁၄ လက်မ)အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း၊ မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် ဓာတ်ပုံ၏အကြောင်းအရာ၊ နေရာ၊ ရိုက်ကူးသည့် ရက်စွဲတို့ကို ဓာတ်ပုံတိုင်း၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲတင်ပြရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုသုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**ဓာတ်ပုံများပေးပို့နိုင်**

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်ရွေးချယ်ရေးအဖွဲ့၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရန်ကုန်) အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂ တို့သို့ ဇွန် ၁၅ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

## ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ရုံးခန်းသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၃၀**

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S(Shan) ရုံးခန်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ အဆိုပါရုံးခန်း၌ပြုလုပ်ရာ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S) ဥက္ကဋ္ဌ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ရုံးခန်းသစ်ဆိုင်းဘုတ်ကို ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) သတ္တမအကြိမ် အစည်းအဝေးကို ပြုလုပ်ရာ တိုင်းမှူးနှင့် ဒုတိယဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ JMC-S အဖွဲ့ဝင်များက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံတကာသုံးအကြွေးဝယ်ခွင့်ကတ် ရောဝတီဘဏ် မိတ်ဆက်

**ရန်ကုန် မေ ၃၀**

ပြည်တွင်း ပြည်ပမှ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အင်တာနက်မှ ဈေးဝယ်ခြင်းများတွင် အကြွေးဝယ်ခွင့်ကတ် (Credit Card) ဖြင့် ငွေပေးချေနိုင်သည့်စနစ်ကို ဧရာဝတီဘဏ်က ယနေ့စတင်လိုက်သည်။

ဘဏ္ဍာငွေကြေးဆိုင်ရာ ချိတ်ဆက်ပေးသော နိုင်ငံတကာအဖွဲ့အစည်း Visa နှင့် ဧရာဝတီဘဏ်တို့ ပူးပေါင်း၍ ရွှေ (Gold)၊ ငွေ ( Silver) နှင့် ပလက်တီနမ် (Platinum) အကြွေးဝယ်ခွင့်ကတ်သုံးမျိုးကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ စတင်မိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။




အဆိုပါ အကြွေးဝယ်ခွင့်ကတ်ဖြင့် ကမ္ဘာအရပ်ရပ်ရှိ ဈေးဆိုင်ပေါင်းသန်း ၄၀ ကျော်နှင့် မြန်မာနိုင်ငံရှိဆိုင်ပေါင်း ၇၀၀၀ ကျော်တို့တွင် ဈေးဝယ်ယူနိုင်မည်ဖြစ်သည်။

“ဇိမ်ခံပစ္စည်းတွေနဲ့ အသေးသုံးစရိတ်တွေကို အကြွေးဝယ်ခွင့်ကတ်တွေနဲ့ပေးချေခွင့် ရရှိမှာဖြစ်ပါတယ်။ လကုန်မှ ပြန်လည်ပေးဆပ်ရမှာပါ ။ ကတ်သုံးစွဲနိုင်မှု အတိုးကင်းလွတ်ခွင့် သက်တမ်းကို ရက် ၅၀ အထိ သတ်မှတ်ပေးထားပါတယ်” ဟု ဧရာဝတီဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က ပြောသည်။

သတ်မှတ်ထားသည့် ငွေပေးချေရမည့်ရက်တွင် အနည်းဆုံးပေးချေငွေပမာဏကိုပေးချေခြင်းမရှိပါက အတိုးနှုန်းတစ်ရာခိုင်နှုန်း၊ နောက်ကျကြေး နှစ်ရာခိုင်နှုန်းတို့ကို ကောက်ခံသွားမည်ဟုလည်း သိရသည်။

အကြွေးဝယ်ခွင့်ကတ် (Credit Card) လျှောက်ထားသူသည် အသက် (၂၁)နှစ်ပြည့်ပြီးသော မြန်မာနိုင်ငံသား (သို့မဟုတ်) အမြဲနေထိုင်ခွင့်ရထားသူဖြစ်ရမည်။ Credit Card လျှောက်ထားရန်အတွက် အနည်းဆုံး လစဉ်ဝင်ငွေကျပ်တစ်သိန်းခွဲရှိရမည်။ ရွှေရောင်အတွက် အနည်းဆုံးလစဉ်ဝင်ငွေကျပ်ငါးသိန်းနှင့် ပလက်တီနမ် အကြွေးဝယ်ခွင့်ကတ်အတွက် သိန်း ၂၀ ရှိရမည် ဖြစ်သည်။

“အကြွေးဝယ်ခွင့်ကတ် (Credit Card)ကို အသုံးပြုမယ်ဆိုရင် နှစ်စဉ်ကြေးအနေနဲ့ ငွေရောင်အတွက်ကို ငွေကျပ် နှစ်သောင်း၊ ရွှေအတွက် ခြောက်သောင်း၊ ပလက်တီနမ်အတွက်က တစ်သိန်းနှစ်သောင်းပေးဆောင်ရမှာဖြစ်ပါတယ်” ဟု ဧရာဝတီဘဏ် Retail Banking ဒါရိုက်တာ ဦးသူရမောင်က ပြောသည်။

နီးစပ်ရာ ဧရာဝတီဘဏ်ခွဲများတွင် လျှောက်ထားနိုင်ပြီး အသေးစိတ်အချက်အလက်များကို www.ayabank.com တွင် စုံစမ်းသိရှိနိုင်သည်။

**သတင်း-တာရာ**
**ဓာတ်ပုံ- ဇော်မင်းလတ်**

ကနီမြို့နယ်၌ စံပြမြစိမ်းရောင်ကျေးရွာ ရွေးချယ်ခြင်း အခမ်းအနားကို မေ ၂၉ ရက်တွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်ဆိုင်တို့က ရှင်းလင်းပြောကြားပြီး ရွေးချယ်ခြင်းခံရသည့် မုဒ္ဒော(န)ကျေးရွာအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရွှေဌေးက ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်။ **(ကနီကျေးလက်)**



# လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အောင်မြင်ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျ

**နေပြည်တော် မေ ၃၀**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ပတ္တမြားခန်းမ၌ အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးဝင်းမော်၊ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ပါမောက္ခချုပ် ဦးညီညီစံ၊ တက္ကသိုလ်မှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၏ မိန့်ခွန်းကို ဗီဒီယိုဖြင့် ထုတ်လွှင့်ပြသခဲ့ရာ နိုင်ငံတစ်နိုင်ငံတွင် အစိုးရ၊ ပုဂ္ဂလိက မည်သည့်ကဏ္ဍမှာမဆို စီမံခန့်ခွဲအုပ်ချုပ်မှု၊ ဝန်ဆောင်မှု၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု စသည်တို့ကို စဉ်ဆက်မပြတ် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအပေါ် မူတည်ပြီး အရည်အသွေးပြည့်မီသော နိုင်ငံ့ဝန်ထမ်းကောင်းများသာမက ပုဂ္ဂလိကကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုပါ ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်မှုများနှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီး၏ ကွပ်ကဲမှုအောက်တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)တစ်ခုစီ တစ်ပြိုင်တည်း ဖွင့်လှစ်တည်ထောင်ပြီး အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၁) သင်တန်းများ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၁၁၉ ဦးအား ဘွဲ့လွန်ဒီပလိုမာ ချီးမြှင့်အပ်နှင်းနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဤသင်တန်းသို့ တက်ရောက်ကြသည့် သင်တန်းသားသင်တန်းသူများကို ပညာဌာန ခုနစ်ခုဖြစ်သည့် စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးပညာဌာန၊ နိုင်ငံရေးသိပ္ပံပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ ဥပဒေပညာဌာန၊ အင်္ဂလိပ်ဘာသာပညာဌာနနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနများက ခေတ်စနစ်နှင့်လျော်ညီပြီး နိုင်ငံတကာ စံနှုန်းများနှင့်အညီ အဆင့်အတန်းရှိရှိဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်း သင်ရိုးဇယားများကိုလည်း ပထမအကြိမ် သင်တန်းက ရရှိလာသည့် အတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များကိုအခြေခံပြီး တက္ကသိုလ်အကြံပေးအဖွဲ့ (Advisory Group)၊ တက္ကသိုလ်ပညာရပ်အဖွဲ့ (Board of Studies) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှာ ဖွဲ့စည်းထားတဲ့ ပညာရပ်ဆိုင်ရာဗဟိုအဖွဲ့ (Core Group)တို့၏ ဆွေးနွေးအကြံပြုချက်များနှင့်အညီ ပိုမိုသင့်တော်ကောင်းမွန်ပြီး ထိရောက်မှုရှိစေရန် ပြင်ဆင်မွမ်းမံရေးဆွဲထားသည့်အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် ကြိုးကြိုးစားစား သင်ယူကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

Civil Service Reform ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် "နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ အမြင်သဘောထားကို လေ့လာဆန်းစစ်မှုပြုလုပ်မည့် လုပ်ငန်းစဉ် (Public Perception Survey Activity)"ကို UNDP ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း၊ လေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်ကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (Public Service Delivery)များ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ (Bribery) လာဘ်ပေးလာဘ်ယူခြင်း ရှိ၊ မရှိ၊ (Abuse of Power) အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း ရှိ၊ မရှိ၊ (Responsiveness) တုံ့ပြန်ဆောင်ရွက်မှု ကောင်း၊ မကောင်း၊ (Equal opportunity) တန်းတူအခွင့်အရေးရရှိမှု ရှိ၊ မရှိ၊ (Discrimination of the races) လူမျိုးခွဲခြားမှု ရှိ၊ မရှိ စသည်တို့အပေါ် လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ အမြင်သဘောထားကို လေ့လာဆန်းစစ်မှုမှတ်တမ်း (Public Perception Survey)၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (Civil Service Reform Action Plan)၊ နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေး သတ်မှတ်ချက်မူဘောင် (Civil Service Compentency Framework)၊ ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ် (Leadership Development Scheme) များကို သင်တန်းသားများအနေဖြင့် ကြိုတင်လေ့လာသိရှိထားခြင်းအားဖြင့် မိမိတာဝန်ထမ်းဆောင်ရာတွင် ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အတွေးအမြင်သစ်များ၊ မိမိ၏ ဝန်ထမ်းဘဝတိုးတက်အောင် ပြုလုပ်ရမည့် နည်းလမ်းများ၊ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရန် လိုအပ်သည်များကို သိရှိလာမည်ဖြစ်ကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း အနာဂတ်နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားကို မောင်းနှင်ကြမည့် နိုင်ငံ့ဝန်ထမ်းအရာရှိလောင်းများ၊ ပုဂ္ဂလိက ဝန်ထမ်းလူငယ်များအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့လာသင့်ယူပြီး သင်တန်းမှ ရရှိသည့် အသိပညာ၊ အတတ်ပညာ အတွေ့အကြုံများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်ကြစေရန်နှင့် ဝန်ထမ်းသက်တမ်းတစ်လျှောက် တော်၍ ကောင်းသော၊ အဂတိတရားကင်းသော ဝန်ထမ်းများဖြစ်ကြပြီး ရာထူးအဆင့်ဆင့်တိုးမြှင့်ကာ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း နည်းလမ်းမှန်စွာဖြင့် ကိုယ်ကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေဟု ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၂၅ ဦး၊ သင်တန်းသူ ၁၂၇ ဦး စုစုပေါင်း ၁၅၂ ဦး တက်ရောက်မည်ဖြစ်ပြီး ၂၉-၅-၂၀၁၇ ရက်မှ ၁၅-၉-၂၀၁၇ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာဖွင့်လှစ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## ဆိုင်ကလုန်းမိုရာ တဖြည်းဖြည်း အားလျော့သွားမည်

**နေပြည်တော် မေ ၃၀ ။** ။ယနေ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ မွန်းလွဲပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုရာ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်အရ သိရသည်။

**(ကြေးမုံ)**



**မုန်တိုင်းအရှိန်ကြောင့် သံတွဲခရိုင်အတွင်း ပြိုကျပျက်စီးမှုများအား တွေ့ရစဉ်။** ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)

**✱ ကျောဖုံးမှ**

ရမ်းဗြဲမြို့နယ်၊ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ မောင်တောမြို့နယ်တို့တွင်လည်း သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ နေအိမ်များ၊ စာသင်ကျောင်းများ ပျက်စီးပြိုကျမှု ဖြစ်ပွားခဲ့သည့်အပြင် သောက်သုံးရေကန်များ ကျိုးပေါက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၌လည်း ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ မော်လမြိုင်ကျွန်းမြို့နယ်၊ ဖျာပုံမြို့နယ်၊ ငပုတောမြို့နယ်တို့တွင်လည်း ဝန်ထမ်းအိမ်ရာများ၊ လူနေအိမ်ရာများ ပြိုကျပျက်စီးမှုရှိခဲ့ပြီး ချင်းပြည်နယ် ဟားခါးမြို့တွင်လည်း နေအိမ်နှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးခဲ့ကြောင်း သိရသည်။

ပျက်စီးဆုံးရှုံးမှုအခြေအနေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆက်လက်စိစစ်ဆဲဖြစ်ကြောင်းနှင့် လိုအပ်သည့်ထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# ထိုင်း-မြန်မာ ရွှေ့ပြောင်းလုပ်သားများ အခွင့်အရေးဆွေးနွေး

**ဘားအံ မေ ၃၀**

ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံထိစပ်လျက်ရှိပြီး ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ အမြဲတမ်းဆက်စပ်နေလျက်ရှိပြီး ရွှေ့ပြောင်းလုပ်သားများအား ကာကွယ်ပေးနိုင်မှုနှင့် အခွင့်အရေးဆိုင်ရာများရရှိစေရေးအတွက် ထိုင်း-မြန်မာ နှစ်နိုင်ငံ အလုပ်အကိုင်ဌာန ကိုယ်စားလှယ်များသည် မေ ၂၉ ရက်က ဘားအံမြို့ရှိ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (MRC)တွင် တွေ့ဆုံကြကြောင်း သိရသည်။

ရှေးဦးစွာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ ဘားအံမြို့တွင် ဖွင့်လှစ်ထားသော(MRC)သည် ရွှေ့ပြောင်းသွားလာမှုများသည့် အဓိကကျရာနေရာတွင် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ အလုပ်သမားမှတ်ပုံတင်လုပ်ငန်း၊ သဘောတူစာချုပ်ချုပ်ဆိုမှုများ၊ ပြည်ပသို့ သွားရောက်အလုပ် လုပ်ကိုင်လိုသူများ သိသင့်သိထိုက်သည်များကို ဖြန့်ဝေပေးခြင်းများဖြင့် ကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ အလုပ်သမားသံအရာရှိနှင့်ချိတ်ဆက်၍ ရွှေ့ပြောင်းအလုပ်သမားများ၏ အရေးကိစ္စနှင့် အကာအကွယ်ပေးရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံအလုပ်အကိုင်ဌာန စစ်ဆေးရေးညွှန်ကြားရေးမှူးချုပ် Mr. PICHITက ရွှေ့ပြောင်းလုပ်သားများအား ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးမည်ဆိုပါက ပိုမိုကောင်းမွန်ပါကြောင်း၊ Pre-departure Training များထားပေးပါက အလုပ်သမားအခွင့်အလမ်းများ သိရှိပြီး ခေါင်းပုံဖြတ်ခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနှင့် ထိုင်းနယ်စပ်ဧရိယာထိစပ်မှုမှာ ရှည်လျားသဖြင့် တရားဝင်ရော တရားမဝင်ရော ဝင်/ထွက်သွားလာမှုရှိနေသောကြောင့် ထိုင်းအစိုးရအနေဖြင့် တရားဝင်အလုပ်သမားဖြစ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ထိုင်းနိုင်ငံ Tak ခရိုင်တွင်လည်း ရွှေ့ပြောင်းလုပ်သားများ အကူအညီပေးရေးဌာနတစ်ခု ဖွင့်လှစ်ထားပါကြောင်း ပြောကြားသည်။

ထိုသို့ နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆွေးနွေးကြရာတွင် မြန်မာနှင့် ထိုင်းနယ်စပ်ဧရိယာထိစပ်မှုမှာ ရှည်လျားသဖြင့် တရားဝင်၊ တရားမဝင် ဝင်/ထွက်သွားလာမှုရှိနေကြသော ရွှေ့ပြောင်းလုပ်သားများအား အလုပ်သမားအခွင့်အလမ်းများ၊ လူကုန်ကူးမှု၊ ခေါင်းပုံဖြတ်ခံရမှုမရှိရေးအတွက် အဓိကထားဆွေးနွေးကြခြင်းဖြစ်ပြီး တက်ရောက်လာသော ထိုင်းကိုယ်စားလှယ်အဖွဲ့များကလည်း သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ဦးစီးမှူးတို့က ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။

**နေမျိုးလွင်(ဘားအံ)**



# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောအားကစားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောအားကစားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B) ၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသားကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက သုံးပွဲ နှစ်ပွဲ၊ ကရင်ပြည်နယ်အသင်းမှ သုံးပွဲပြုတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်းအသီးသီး အနိုင်ရရှိသွားခဲ့သည်။

ထို့နောက် အမျိုးသမီးကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက သုံးပွဲ တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားပြီး တနင်္သာရီတိုင်းဒေသကြီးအသင်းက သုံးပွဲပြုတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲပြုတ်ဖြင့်လည်းကောင်း အသီးအသီးအနိုင်ရရှိခဲ့သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောအားကစားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁ ရက် နံနက် ၈ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (B)တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# ငွေစက္ကူများ၏ အဆင့်အတန်းနှင့် တန်ဖိုး

ခင်မောင်ဌေး(ပညာရေး)

မြန်မာနိုင်ငံတွင် လက်ရှိပြည်တွင်းသုံးစွဲနေသည့် ငွေစက္ကူများနှင့်ပတ်သက်၍ ငွေစက္ကူအတုများထွက်ပေါ်လျက်ရှိသည်။ အထူးသဖြင့် နယ်စပ်ဒေသများတွင် အများဆုံးဖမ်းဆီးရမိလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ဖမ်းဆီးမှုများဆက်တိုက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရပါသည်။ ယင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက လက်ရှိလည်ပတ်သုံးစွဲနေသော ငွေကြေး၏ရာနှုန်းအနည်းငယ်မျှသာရှိ၍ ငွေစက္ကူအတုများအတွက် စိုးရိမ်စရာမရှိကြောင်း ပြောဆိုသွားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ရိုက်နှိပ်ထုတ်ဝေထားသည့် ငွေစက္ကူများအပေါ် ဖျက်ဆီးခြင်း၊ ပုံသဏ္ဍာန်ပျက်ယွင်းအောင်ပြုလုပ်ပါက ဥပဒေအရအရေးယူနိုင်ကြောင်း ပြောဆိုသွားသည်ကိုလည်း တွေ့ရပါသည်။ လက်ရှိသုံးစွဲနေသည့် ငွေကြေးနှင့်ပတ်သက်၍ ငွေကြေးဖောင်းပွမှုရှိကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် ဝန်ထမ်းများလစာငွေ တိုးမြှင့်တောင်းဆိုမှုများရှိကြောင်းလည်း တွေ့ရပါသည်။

ငွေစက္ကူအတုများဖမ်းမိနေခြင်းသည် တစ်နိုင်ငံလုံးလှည့်ပတ်သုံးစွဲနေသည့် ငွေကြေးနှင့်နှိုင်းစာလျှင် မပြောပလောက်သော်လည်း ဖမ်းဆီးရမိမှုများဆက်တိုက်ဖြစ်နေခြင်း၊ ဖမ်းဆီးရမိငွေစက္ကူအတုများတစ်စတစ်စများပြားလာခြင်းသည် ပြည်သူလူထုအတွင်း စိုးရိမ်ထိတ်လန့်မှုကို ဖြစ်စေသည်မှာ အမှန်ဖြစ်သည်။ သို့ဖြစ်၍ ငွေစက္ကူအတုများကို စိစစ်ခြင်း၊ ဖမ်းဆီးအရေးယူခြင်းအပြင် ဖျက်ဆီးခြင်းများကိုပါ စနစ်တကျလုပ်ဆောင်နိုင်ဖို့လိုပါသည်။

ထို့ပြင် ငွေစက္ကူများဖျက်ဆီးခြင်း၊ ပုံသဏ္ဍာန်ပျက်ယွင်းအောင်ပြုလုပ်ကြသည်များကိုလည်း စနစ်တကျ ပညာပေးခြင်း၊ အရေးယူခြင်းများလည်း လူထုလှုပ်ရှားမှုအသွင်ဖြင့် လုပ်ဆောင်ရန်လိုလာပြီဖြစ်၏။ အကြောင်းမှာ လူတို့သည် ငွေစက္ကူကို စနစ်တကျကိုင်တွယ်အသုံးချဖို့ လိုနေသောကြောင့်ပင်ဖြစ်သည်။

လူအချို့သည် ငွေစက္ကူများကို ရေးမှတ်စရာစာရွက်တစ်ခုအဖြစ် အသုံးပြုနေကြသည်။ အချို့က ဈေးစာရင်းမှတ်သည်။ အချို့က နှစ်လုံး၊ သုံးလုံးနံပါတ်များရေးသည်။ အချို့စုပေါင်းပေးဆောင်သော မီတာခများတွင် တစ်ဦးချင်း၏နာမည်နှင့်ငွေကြေးတို့ကို ငွေစက္ကူပေါ်တွင် မှတ်ကြသည်။ ယင်းငွေစက္ကူများသည် မိုးရေ(ဝါ) ချွေးစသည့် အရည်တစ်မျိုးမျိုးနှင့် ထိတွေ့သောအခါ ငွေစက္ကူ၏ မူလအရောင်များ ပျောက်ကွယ်သွားရ၏။

အချို့ဈေးရောင်းချသူများသည် ငွေစက္ကူကိုဖြစ်သလို ကိုင်တွယ်သုံးစွဲနေကြသည်။ အသား၊ ငါးရောင်းချနေသူများသည် ပေကျံနေသော လက်များဖြင့် ငွေကြေးအပေးအယူပြုနေကြ၏။ ဆီအမျိုးမျိုးကိုင်တွယ် ရောင်းဝယ်နေသူများကြောင့် ဆီစွန်းနေသောငွေစက္ကူများကို တွေ့ကြရလေသည်။

မြန်မာတို့သည် အလှူအတန်းရက်ရောသူများဖြစ်သည်နှင့်အညီ လှူဖွယ်ဝတ္ထုအစုစုဖြင့် ပူဇော်ကန်တော့ကြရာတွင် ငွေစက္ကူကိုပုံစံအမျိုးမျိုးပြုလုပ်တတ်ကြပါသည်။ ပုံစံအမျိုးမျိုးခေါက်ခြင်း၊ ပုံဖော်ခြင်း၊ ကော်ကပ်ခြင်းတို့ကြောင့် သုံးစွဲမရဖြစ်ရသည်များလည်း ရှိသည်။

ဆိုရလျှင် မြန်မာနိုင်ငံတွင် လှည့်ပတ်သုံးစွဲနေသည့် ငွေစက္ကူများကိုကြည့်လျှင် တစ်သောင်းကျပ်တန်၊ ငါးထောင်တန်များမှလွဲ၍ ကျန်ငွေစက္ကူအနုပ်အဖွဲ့တို့မှာ ကိုင်ချင်စရာမကောင်းလောက်အောင်ပင် ညစ်ပေစုတ်ပြဲ၍အဖာအထေးများစွာဖြစ်ပေါ်နေလေသည်။ ထိုငွေစက္ကူအကြွေအနုပ်များကို တရိုတသေပြုကာ မိမိအိတ်ထောင်(ဝါ) ပိုက်ဆံအိတ်များတွင် ထည့်၍သုံးစွဲနေရလေသည်။

ထိုငွေစက္ကူများကို တစ်ဦးထံမှ တစ်ဦးသို့ ကူးပြောင်းလဲလှယ်ယူငင်သုံးစွဲနေရရာ ရောဂါဘယ ကူးစက်ဖို့ပင် ပို၍အခွင့်အလမ်းကောင်းနေပါသည်။ ရံဖန်ရံခါ ငွေစက္ကူရေတွက်ရာတွင် အနီးအနား၌ ရေ စသည့်တစ်စုံတစ်ရာမရှိပါက မိမိ၏ခံတွင်းမှ တံတွေးနှင့်တို့၍ ရေတွက်နေကြသည်များကိုလည်း မကြာခဏတွေ့နေရလေသည်။ လူပေါင်းစုံ၊ လက်ပေါင်းစုံဖြင့် အထပ်ထပ်အခါခါကိုင်တွယ်သုံးစွဲနေသည့် ငွေကြေးများကို ကိုင်တွယ်ရေတွက်ရာတွင် များစွာဂရုပြုသင့်လေသည်။

ငွေစက္ကူနှင့်ပတ်သက်၍ အဖြစ်အပျက်တစ်ခုကို မှတ်မိနေသေးသည်။ စာရေးသူအညာမှာရှိစဉ်က ဖြစ်သည်။ မိတ်ဆွေတစ်ဦး၏ အကူအညီတောင်းမှုကြောင့် နိုင်ငံခြားသားလင်မယားနှစ်ဦးနှင့် သားသမီးနှစ်ဦး ပေါင်း လေးဦးအား သီပေါမြို့သို့ ပို့ပေးရသည်။ ခရီးထွက်ဝါသနာပါလွန်းလှသည့် စာရေးသူလည်း မဆိုင်းမတွပင် လိုက်ပို့ပေးခဲ့ဖူးသည်။ သီပေါသို့ရောက်သောအခါ နှစ်ဆယ်တန်ဒေါ်လာ ငါးရွက်ပေးပါသည်။ စာရေးသူလည်း သီပေါမြို့သို့ လည်ပတ်ပြီး မိတ္ထီလာသို့ပြန်လာခဲ့သည်။ မန္တလေးငွေလဲလှယ်သည့် နေရာတစ်ခုတွင် ဝင်၍လဲ၏။ ဒေါ်လာကို လက်မခံပါ။ အကြောင်းမှာ နှစ်ခေါက်သုံးခေါက် ခေါက်ထားသောကြောင့်ဖြစ်သည်။ ဒေါ်လာမှာ အသစ်စက်စက်ဖြစ်သော်လည်း ခေါက်ရိုးများကြောင့် မယူ။ မန္တလေးမှ မိတ်ဆွေတစ်ဦး၏ကူညီမှုကြောင့်သာ လဲ၍ရခဲ့ခြင်းဖြစ်သည်။

ဆိုလိုသည်မှာ အခြားနိုင်ငံမှ စက္ကူများသည် အစွန်းအထင်းအနည်းငယ်ပါရုံမျှဖြင့်ပင် ငွေလဲလှယ်ဖို့ခက်ပါသည်။ လုံးဝကိုဖြူဖွေးသန့်စင်နေမှသာ လဲ၍ရပါသည်။ မြန်မာနိုင်ငံမှ ငွေစက္ကူများသာဆိုလျှင် အများစုမှာ မည်သို့မျှပင် လဲ၍ရမည်မထင်။

စင်စစ် မိမိတို့နေ့စဉ် ကိုင်တွယ်သုံးစွဲနေရသည့်ငွေစက္ကူများသည် သန့်ရှင်းစင်ကြယ်နေသင့်ပါသည်။ အထူးသဖြင့် အစွန်းအထင်းဖြစ်နိုင်သည့် တိုက်ရိုက်ကိုင်တွယ်ရောင်းဝယ်ခြင်းမျိုး မပြုသင့်ပေ။ ရေးမှတ်စရာလိုအပ်သူများ အနေဖြင့်လည်း ဈေးသက်သာစွာ ဝယ်ယူရရှိနိုင်သည့် မှတ်စုစာအုပ်ငယ်များဖြင့် ရေးမှတ်သင့်ပါသည်။ ငွေစက္ကူများကို သန့်ရှင်းသပ်ရပ်စွာ ကိုင်တွယ်သုံးစွဲခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့်အပြင် လူတစ်ဦး၏အဆင့်အတန်းကိုပါ ဖော်ညွှန်းနိုင်ပေသည်။

သို့ဖြစ်၍ ငွေစက္ကူအတုအပပြုလုပ်နိုင်မှုနှင့်ပတ်သက်၍ စိစစ်ခြင်း၊ ဖမ်းဆီးအရေးယူခြင်းများသည် နိုင်ငံတော်၏ တာဝန်ပိုင်းဖြစ်သည်။ ပြည်သူတစ်ဦးချင်းစီနှင့် ပတ်သက်သည်မှာ မိမိတို့သုံးစွဲနေသည့် ငွေစက္ကူများကို သန့်ရှင်းစွာကိုင်တွယ်သုံးစွဲကြရန်သာ ဖြစ်သည်။ ပုံသဏ္ဍာန်ပျက်စီးခြင်း၊ စုတ်ပြဲခြင်းဖြစ်စေမည့် ပြုလုပ်မှုမျိုးကို ရှောင်ကြဉ်သင့်ပါသည်။ သို့ဖြစ်၍ ငွေစက္ကူများ၏ တန်ဖိုးသည် ကိုင်တွယ်သုံးစွဲသူတို့၏ ရိုသေမှု၊ စနစ်ကျမှုအပေါ်တွင်သာ များစွာတည်နေပါသဖြင့် တစ်ဦးချင်းစီ၏ တာဝန်သိမှုသာ အရေးကြီးပါကြောင်း။ ။






## စာရေးဆရာလောကဖွံ့ဖြိုးတိုးတက်ရေး မျိုးဆက်သစ်ကလောင်များပေါ်ထွက်ရန် အသင်းဝင်များ၏စည်းရုံးပေးနိုင်မှုကလည်း အချက်တစ်ခုဖြစ်နေ

**ရန်ကုန် မေ ၃၀**

စာရေးဆရာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နောင်လာမည့် မျိုးဆက်သစ်ကလောင်များ ပေါ်ထွက်လာရေးသည် လက်ရှိ အသင်းဝင်များအနေဖြင့် စည်းရုံးလှုံ့ဆော်ပေးမှုကလည်း အရေးကြီးသည့် အချက်တစ်ခုဖြစ်ကြောင်း မေ ၂၈ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ City Star hotel ၌ ကျင်းပသော မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း အစည်းအဝေးမှ သိရသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို)အမှုဆောင် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က "ကျွန်တော်တို့ စာရေးဆရာအသင်းဝင်တွေအနေနဲ့ နောင်လာမယ့် မျိုးဆက်သစ်ကလောင်သစ်တွေပေါ်ထွက်လာအောင် စည်းရုံးလှုံ့ဆော်ပေးဖို့လိုပါတယ်။ မျိုးဆက်သစ်ကလေးတွေ စာရေးချင်စိတ်ပေါ်လာအောင် စည်းရုံးဖို့က အရေးကြီးတဲ့အချက်တစ်ခုဖြစ်ပါတယ်။ ဒါကို လက်ရှိအသင်းဝင်တွေက စည်းရုံးရမှာပါ။ တိုင်းကျိုးပြည်ပြုလုပ်ဖို့က ခားသွားထက် ကလောင်သွားထက်ဖို့ ကလောင်ရှင်တွေများများပေါ်ထွက်လာဖို့က လက်ရှိ မြန်မာနိုင်ငံစာရေးဆရာများအသင်းမှာ ပါဝင်နေတဲ့အသင်းဝင်တွေပေါ်မှာလည်း မူတည်ပါတယ်။ အသင်းဝင်တွေ တိုးပွားလာအောင်လုပ်စေလိုပါတယ်"ဟု ပြောသည်။

အဆိုပါအစည်းအဝေး၌ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းလင်း(လင်းကိုကို)က နှစ်ပတ်လည်အစည်းအဝေးကျင်းပရခြင်းအကြောင်း ပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ဂုဏ်ထူးဆောင်နာယက ဆရာကြီး ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)နှင့် ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)တို့က စာရေးဆရာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မုဒိတာစကားပြောကြားခဲ့သည်။ ထို့နောက် အသင်းဝင်များက အလှူငွေများ အသီးသီးပေးအပ်ကာ တာဝန်ရှိသူများက လက်ခံရယူပြီး အသက် (၈၀) နှင့်အထက် စာပေပညာရှင် ၃၄ ဦးအား ငွေသားနှင့် ဆေးဝါးပစ္စည်းများ ပူဇော်ကန်တော့ခဲ့ကြသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ချမှတ်သောမူအတိုင်း မြို့နယ်အလိုက် စာရေးဆရာအသင်းဝင်များ၏ မိသားစု သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများကို တစ်ထောင့်တစ်နေရာမှ ထောက်ပံ့ပေးကြောင်း သိရသည်။ ယင်းအပေါ် ဝါသနာအရသော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာအဖြစ်လည်းကောင်း စာရေးဆရာလုပ်ငန်းလုပ်ဆောင်သူများကို မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ဝတ္ထု၊ ဆောင်းပါးနှင့် ကဗျာများကို မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို)သို့ တင်ပြရမည်ဖြစ်ရာ သတ်မှတ်အပုဒ်ရေပြည့်မီလျှင် အသင်းဝင်အဖြစ် အသိအမှတ်ပြုကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

## စိုက်ပျိုးမြေဧက ငါးသောင်းကျော် ရေကြီးနစ်မြုပ်မှုဘေးမှကာကွယ်နိုင်သည့် ရောဝတီအရှေ့ဘက်ကမ်းတာပြုပြင်တည်ဆောက်

**ပဲခူး မေ ၃၀**

မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်အကြားရှိ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာပြုပြင်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတာသည် အလျား ၂၇ မိုင် ခြောက်ဖာလုံရှည်လျားပြီး ၂၀၁၅-၂၀၁၆ ခုနှစ် မိုးရာသီကာလတွင် မြစ်ရေစီးချိန်တင်မြင့်တက်မှုကြောင့် တာပေါင်ရေကျော်ခြင်း၊ တာအိတာလျှောဖြစ်ခြင်းနှင့် ထူးပေါက်များဖြစ်ပေါ်ခဲ့ရသည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တပ်မတော်တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဟန်းသံဃာတော်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကျိုးပေါက်မှုမရှိအောင် ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်၍ တာအား ရေရှည်ကြံ့ခိုင်မှု ပိုမိုတောင့်တင်းစေရန်နှင့် ယမန်နှစ်စီးချိန်တင် မြစ်ရေအမှတ်အထက် တာပေါင် ငါးပေမြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည်။ ယခုနှစ် မိုးရာသီမတိုင်မီတွင်လည်း ကျန်ရှိနေသော မိုင်တိုင်(၈/၄)မှ(၁၉/၄)အထိ အပိုင်းကို တာပုံစံကျပြုပြင်ခြင်းနှင့် မိုးရာသီအတွင်း မြစ်ရေကြီးမြင့်မှုဒဏ်ခံနိုင်ရန် လိုအပ်သောနေရာများတွင် ဒေသခံများနှင့် ညှိနှိုင်း၍ ယာယီပြင်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ခုနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာသည် မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တွင် တည်ရှိပြီး ၁၉၅၉ ခုနှစ်တွင် တည်ဆောက်ခဲ့သော ဧရာဝတီမြစ် ရေဘေးကာကွယ်ရေးတာတစ်ခုဖြစ်သည်။ အဆိုပါတာသည် မိုးညိုမြို့နယ်အတွင်း ၄ ဒသမ ၅ မိုင်၊ လက်ပံတန်းမြို့နယ်တွင် ၂၃ မိုင် စုစုပေါင်း ၂၇ ဒသမ ၇၅ မိုင်ရှည်လျားပြီး ရေဘေးကာကွယ် ဧကအနေဖြင့် မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ် နှစ်မြို့နယ်ပေါင်း စုစုပေါင်း စိုက်ပျိုး မြေဧက ၅၀၀၀၀ ကျော်အား ရေကြီး နစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်မည့်အပြင် ဒေသခံပြည်သူများ၊ အဆောက်အအုံများ၊ တိရစ္ဆာန်များ ရေဘေးအန္တရာယ် ကျရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည် ဖြစ်သည်။

**သူရိန်ထွန်း(ပဲခူး)**

## ပင်စင်အထောက်အကူပြု သင်တန်းဖွင့်

**မန္တလေး မေ ၃၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ပင်စင်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ပင်စင်အထောက်အကူပြု သင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် သဇင်လမ်းနှင့် လမ်း (၇၀)ထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ပင်စင်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးမြတ်သူက ပင်စင်လုပ်ငန်းနှင့် ပင်စင်ခံစားခွင့်များအကြောင်းနှင့်ပတ်သက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပင်စင်ဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့ယဉ်ဝင်းက ပင်စင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ပင်စင်နှင့် ဆုငွေတွက်ချက်ပုံတွက်ချက်နည်း၊ အမှုထမ်းသက်မှတ်တမ်းများ ထားရှိပုံထားရှိနည်း စသည့် ပင်စင်အထောက်အကူပြုသင်တန်းဆိုင်ရာများကို သင်ကြားပို့ချခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

**နေပြည်တော် မေ ၃၀**

၂၀၁၇ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည်။

အဖွင့်ပွဲစဉ်အဖြစ် ဇမ္ဗူသီရိမြို့နယ်အသင်းနှင့် ပုဗ္ဗသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဇမ္ဗူသီရိမြို့နယ်အသင်းက သုံးပွဲကစား နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို မေ ၃၀ ရက်မှ ဇွန် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဇင်ဘို)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( တောင်ကြီးမြို့ )
၂၀၁၇ ခုနှစ် ၊ ဇွန်လ (၂၊ ၃၊ ၄)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့။
Gold Sponsors
PREMIER Cereal Drink
Brighter Future Myanmar
Organized by
VI mix

ပညာရေးဝန်ကြီးဌာန
ပညာ
၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်
ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး
ကျောင်းအပ်နှံရေးသီတင်းပတ်
၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ၊ ဝန်ထမ်းအင်အား၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အခြားလိုအပ်ချက်များ ဦးစားပေးပံ့ပိုးသွားမည်




**နေပြည်တော် မေ ၃၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်းရှိ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးတို့ တက်ရောက်အမှာစကား ပြောကြားကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ခက်ခဲသော အခြေအနေများအကြားတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ လတ်တလောလိုအပ်ချက်များ၊ ရေရှည်ဘဝတက်လမ်းများအတွက် ပြေလည်စေရန်နှင့် ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ၏ လွှမ်းခြုံမှုနှင့် အရည်အသွေးတိုးတက်လာစေရန်အတွက် အားလုံးဝိုင်းဝန်းပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြစေလိုကြောင်း၊ လိုအပ်သည့်အခြေခံအဆောက်အအုံများ၊ ဝန်ထမ်းအင်အား၊ ဆေးဝါး၊ ဆေးပစ္စည်းများနှင့် အခြားလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် တတ်နိုင်သမျှ ဦးစားပေး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်တောဒေသသည် ဝေးလံခက်ခဲသောဒေသဖြစ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် နေထိုင်သူများအကြား ယုံကြည်မှုကို ပြန်လည်တည်ဆောက်နေရသည့် အချိန်ကာလဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ခက်ခဲသောအခြေအနေများ အကြားတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေကြသော ကျန်းမာရေးဝန်ထမ်းများကို အထူးကျေးဇူးတင် ဂုဏ်ပြုပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် ဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ် အစရှိသည့် ဆေးပညာရပ်ဆိုင်ရာ ကျင့်ဝတ်များကို ဦးထိပ်ထား၍ လူနာများအား တန်းတူ ကုသစောင့်ရှောက်ပေးနေရသည် ဖြစ်ပါကြောင်း၊ အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု၊ လွှမ်းခြုံမှုများ မြင့်မားလာသည်နှင့်အတူ ဒေသတွင်းယုံကြည်မှုများ ပြန်လည်တိုးတက်ရရှိလာပြီး ဒေသတည်ငြိမ်အေးချမ်းရေးကို ကောင်းစွာ အထောက်အကူပြု၍ Health as a Bridge for Peace သဖွယ် ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်တွင် ဒေသတွင်း လူမှုစီးပွား ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများသည် ဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်လျှင် အောင်မြင်မှုသည် ရေရှည်တည်တံ့ရန် ခက်ခဲပြီး ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါကြောင်း၊ ဒေသတွင်း လူမှုဘဝကာကွယ်ရေး(Social Protection) များ ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များအတွက် ထောက်ပံ့ခြင်းလုပ်ငန်း၊ ကျောင်းတွင်း အာဟာရ ကျွေးမွေးခြင်းလုပ်ငန်း စသည်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ လက်တွဲဆောင်ရွက်မှု များစွာရှိပါကြောင်း၊ ထို့အပြင် ဒေသခံများ အလုပ်အကိုင် ပိုမိုရရှိစေရေးနှင့် ဝင်ငွေတိုးတက်စေရေး၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ထောက်ပံ့ပေးရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများ အတူတကွပူးပေါင်းဆောင်ရွက်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသောင်းလှိုင်နှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရွှေသိန်းတို့က ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်များတွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပြည်နယ်အတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တမူးမြို့အတွင်း ရေပေးဝေနိုင်ရန် မြန်မာ-အိန္ဒိယ နယ်စပ်တောင်ကုန်းတွင် နဂါးမင်းသမီးရေကန် တည်ဆောက်နေမှု ရာနှုန်းပြည့်ပြီးစီး

**တမူး မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့အနီး မြန်မာ-အိန္ဒိယနယ်စပ်တောင်ထိပ်တွင် နဂါးမင်းသမီးရေကန်နှစ်ခုကို တူးဖော်တည်ဆောက်လျက်ရှိရာ ယခုချိန်တွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သဖြင့် မကြာမီကာလအတွင်း တမူးမြို့နယ်အတွင်း ရေစတင်ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တမူးမြို့တွင် မတ်လနှင့် ဧပြီလမှစတင်၍ ရေတွင်းများ၌ ရေများခန်းခြောက်ကာ ရေရှားပါးမှုပြဿနာများနှစ်စဉ်ကြုံတွေ့နေရသဖြင့် မဟာမြိုင်တောကြီးအတွင်း ကွရောက်သီတင်းသုံးကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် သဲဖြူဆရာတော် အရှင်ပညာဇောတက ၂၀၁၆ ခုနှစ် မတ်လမှစတင်တူးဖော်ခဲ့ခြင်းဖြစ်ပြီး ရေကန်များမှာ အလျားပေ ၄၀၀၊ အနံပေ ၃၀၀ နှင့် အနက် ၄၅ ပေရှိသော ကန်နှစ်ကန်ကို တမူးမြို့အထက် ၁၆၂ ပေအမြင့်ရှိသော တောင်ကုန်းပေါ်တွင် တူးဖော်တည်ဆောက်ခဲ့သည်။

“ရေတွင်းကိုတောင်ထိပ်မှာတူးပြီး ရေကန်ကြီးတွေဆောက်ပြီး ရေလှောင်ထားတဲ့အတွက် ဒီရေတွေက တမူးမြို့ထဲက ရေတွင်းတွေဆီရောက်သွားတဲ့အတွက် ရေမခန်းတော့ဘူး။ ဘုန်းကြီးကျောင်းတွေက ရေတွင်းတွေဆို အခုတောင် ရေတွေပြည့်လျှံနေတယ်။ ရေကလည်း ဂဝံကျောက်တွေကြားက စိမ့်ထွက်လာတဲ့ရေဖြစ်တော့ အလိုလိုသောက်ရေသန့်တွေ ဖြစ်နေတယ်။ ပိုက်ဆက်တဲ့လုပ်ငန်းတွေပြီးသွားရင် တစ်မြို့လုံးကို ရေစတင်ဖြန့်ဝေနိုင်တော့မှာပါ”ဟု ဆရာတော်ကြီးက မိန့်ကြားသည်။

လက်ရှိတွင် ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးနေပြီး အပြင်ပိုင်းကျောက်စီခြင်းလုပ်ငန်းများဆောင်ရွက်နေကာ မကြာမီရေကန်ကြီးများမှ ထုတ်ထားသည့် ရှစ်လက်မအရွယ်ပိုက်လုံး ၁၀ လုံးမှ ရေပိုက်လိုင်းများသွယ်တန်းပြီးပါက ရေများစတင်ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း တမူးမြို့နေ ရေကန်တည်ဆောက်ရေးတာဝန်ခံ ဦးဇော်လင်းက ပြောသည်။

“ရေကန်ကတောင်ပေါ်မှာဆိုတော့ ရေဘားကိုဖွင့်လိုက်တာနဲ့ ရေရဲ့ဖိအားနဲ့ အိမ်တိုင်းကို ရေရောက်သွားမယ့်စနစ်ပါ။ ဆရာတော်ကြီးရဲ့ကျေးဇူးကြောင့် အခုရေမလှတ်သေးတာတောင် ကန်ကနေစိမ့်ထွက်တဲ့ရေကြောင့် ဒီနှစ်ကစပြီး ရေတွင်းတွေမှာရေမခန်းဘူး။ နောက်ဆိုသောက်သုံးမှုတွင်မကဘူး စိုက်ပျိုးရေးပါ ရေအလုံအလောက်ရသွားနိုင်တယ်”ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ရေကန်မှတစ်ဆင့်ထုတ်ထားသည့် ပိုက် ၁၀ လုံးမှတစ်ဆင့် ပိုက်လိုင်း ၃၀၀ သွယ်တန်း၍ ဘုန်းကြီးကျောင်းများ၊ ရပ်ကွက်များနှင့် ဌာနဆိုင်ရာများအား ရေဖြန့်ဝေပေးရန်လျာထားပြီး မြို့နေလူထုများပြားမှုကြောင့် ရေမလုံလောက်ပါကလည်း ရေကန်တည်ဆောက်ထားသည့် တောင်ကုန်းအနီးရှိ သဟဲချောင်းမှ ရေကို လေးလက်မပိုက်လိုင်းများနှင့် ရေကန်အတွင်း စက်ယန္တရားဖြင့် တင်ပို့ကာ ဖြန့်ဝေပေးရန်စီစဉ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သင်တန်းဖွင့်

**လယ်ဝေး မေ ၃၀**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ရေအိုးစဉ်ကျေးရွာ၌ မေ ၂၅ ရက်မှ စတင်ပြီး အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စေတနာ့ဝန်ထမ်း ဆယ်အိမ်ခေါင်း အမျိုးသမီး ၂၅ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်ဖြစ်ပြီး စီမံချက်၏ပထမနှစ်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ကူးစက်ရောဂါ ကာကွယ်ရေး၊ ပညာရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် အာဟာရပြည့်ဝအောင် စားသုံးတတ်စေရေး စသည့်လုပ်ငန်းများပါဝင်ကာ ၂၀၁၈ ခုနှစ် မတ်လအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါစီမံချက်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဒက္ခိဏသီရိ၊ ပျဉ်းမနား၊ လယ်ဝေးမြို့နယ်များမှ ကျေးရွာ ခြောက်ရွာရွေးချယ်ထားပြီး လုပ်ငန်းဆောင်ရွက်မှု အကောင်းဆုံးကျေးရွာကို ရွေးချယ်ကာ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မိုင်းခေါင်ကျေးရွာအနီး အလောင်းသုံးလောင်း တွေ့ရှိမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိ

**နေပြည်တော် မေ ၃၀**
ကချင်ပြည်နယ် မံစီမြို့နယ် မိုင်းခေါင်ကျေးရွာ တပ်မတော်တပ်စခန်း၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ၌ သေနတ်ဒဏ်ရာများဖြင့် အရပ်သား သုံးဦး၏ အလောင်းများမြှုပ်နှံထားကြောင်း မေ ၂၈ ရက်က သတင်းရရှိသဖြင့် တပ်စခန်းမှ တပ်မတော်သားများ ပါဝင်ပတ်သက်မှု ရှိ၊ မရှိ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် မေ ၂၉ ရက်မှစတင်၍ သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## မောင်တောမြို့နယ်၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၀**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညပိုင်းက အလယ်သံကျော်ကျေးရွာအုပ်စု လေယာဉ်ကွင်းရွာအနီး၌ ခြံအတွင်း ပုန်းအောင်းနေသည့် မသင်္ကာသူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကင်းလှည့်ဆောင်ရွက်စဉ် ယမန်နေ့ ည ၈ နာရီခန့်က လေယာဉ်ကွင်းရွာ၏ အနောက်မြောက်ဘက် လေယာဉ်ကွင်းရွာ ချောင်းဝအနီး ချုံတောအတွင်း ပုန်းအောင်းနေသည့် သရေကုန်းတန်း အနောက်ရွာနေ အဒူရာမန်အား ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၀**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ မွန်းတည့် ၁၂ နာရီခန့်က ကိုင်းကြီးကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့မွန်းတည့် ၁၂ နာရီခန့်က ကိုင်းကြီးကျေးရွာအနီး ကားလမ်းဘေး၌ ရန်အောင်မြင်ကျေးရွာနေ ဌေးလှိုင်၊ ဝတ်ကျိန်းကျေးရွာနေ ထွန်းရှိန်နှင့် သန်းအောင်တို့ထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၄၀၊ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ ငွေစက္ကူရောရာ ငွေကျပ် ၂၉၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံး၊ ဆိုင်ကယ်တစ်စီးနှင့် ဓားဦးချွန် တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၂၈ ရက် ညနေ ၄ နာရီခွဲခန့်က ဘူးသီးတောင်-ကျောက်လှပြင် ကျေးရွာသွားကားလမ်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူ အီးဆူးအာဒင်အား စစ်ဆေးချက်အရ ၎င်း၏ဖခင်ဖြစ်သူ အီနူးစ်၏ နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ အား သိမ်းဆည်းရမိခဲ့ပြီး အီနူးစ်နှင့်မိသားစုများမှာ တိမ်းရှောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

### ● မြန်မာ့လက်ရွေးစင်အသင်းမှ

မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၃ ရက်တွင် စခန်းဝင်လေ့ကျင့်မှု စတင်မည်ဖြစ်ပြီး ဇွန် ၄ ရက်တွင် စင်ကာပူနိုင်ငံ၌ခြေစမ်းပွဲများကစားရန် ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၆ ရက် တွင် စင်ကာပူလက်ရွေးစင်အသင်း၊ ဇွန် ၉ ရက်တွင် စင်ကာပူကလပ် နီဂါတာအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(ချစ်ကိုကို)**

---

### ❖ ဆိုင်ကလုန်းမှ

မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း မောင်တောခရိုင် လုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်းပြီး မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က "လက်ရှိအခြေအနေအရ သဘာဝဘေးအန္တရာယ်လည်းဖြစ်သလို မိုးတွင်းကာလလည်းရောက်ပြီဖြစ်တဲ့အတွက် လုံခြုံရေးအဖွဲ့အစည်းတွေကို ပုံမှန်အခြေအနေထက်ပိုပြီး လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ဖို့၊ မုန်တိုင်းကြောင့် ဆက်သွယ်ရေး၊ လျှပ်စစ်မီး ပြတ်တောက်သွားတဲ့အတွက် ပုဂ္ဂလိကလုံခြုံရေး၊ အဖွဲ့အစည်းအလိုက် လုံခြုံရေးကို ဆောင်ရွက်ထားကြဖို့ ဌာနဆိုင်ရာအလိုက် မှာကြားထားပါတယ်" ဟု ပြောသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လမ်းမများပေါ်သို့ ပြိုလဲကျနေသည့် သစ်ပင်များ၊ လျှပ်စစ်ဓာတ်တိုင်များအား မောင်တောမြို့ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဝန်ထမ်းများနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက မုန်တိုင်းစဲသည်နှင့် တစ်ပြိုင်နက် လမ်းများပိတ်ဆို့မှုမရှိစေရန် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်က "မုန်တိုင်းတိုက်နေတဲ့အချိန် နံနက် ၄ နာရီကတည်းက ပျက်စီးမှုအခြေအနေတွေကို ကယ်ဆယ်ရေးအဖွဲ့တွေနဲ့အတူ ဆိုင်ကယ်နဲ့ မြို့ထဲပတ်ကြည့်တယ်။ နံနက်မိုးလင်းပြီး မုန်တိုင်းစဲသွားတဲ့အချိန် လမ်းမတွေပေါ်မှာ ပြိုကျနေတဲ့ သစ်ပင်တွေ၊ ဓာတ်တိုင်တွေကို လမ်းပိတ်ဆို့မှုမရှိအောင် ကယ်ဆယ်ရေးအဖွဲ့တွေက ရှင်းလင်းရေးတွေ လုပ်တယ်။ လတ်တလော ဆက်သွယ်ရေး ပြတ်တောက်နေတဲ့အတွက် ကျေးရွာတွေက လူအသေအပျောက်ရှိ၊ မရှိ မသိရသေးဘူး"ဟု ပြောသည်။

မောင်တောမြို့ မြို့နယ်မီးသတ်ဦးစီးဌာနက မုန်တိုင်းမတိုက်မီနှင့် မုန်တိုင်းတိုက်ခတ်မည့် ညပိုင်းအထိ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မောင်တောမြို့ ရပ်ကွက်များနှင့် ကျေးရွာများသို့ သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

ယနေ့ မွန်းလွဲပိုင်းကလည်း မောင်တောမြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီ တာဝန်ရှိသူများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ပုဂ္ဂလိကပိုင်အဆောက်အအုံများ၊ နိုင်ငံပိုင်အဆောက်အအုံများစာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအလိုက် အချိန်မီစာရင်းကောက်ယူနိုင်ရေး၊ ပြတ်တောက်သွားသည့် လျှပ်စစ်မီးနှင့် ဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် အချိန်မီ ပြင်ဆင်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

"လက်ရှိအချိန်မှာ မြို့ပေါ်မှာရှိတဲ့ ဌာနဆိုင်ရာတွေ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကြီးကြပ်မှု ကော်မတီအဖွဲ့တွေက အဖွဲ့တွေဖြန့်ခွဲပြီး ရှင်းလင်းရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားတဲ့ ပုဂ္ဂလိကပိုင်အဆောက်အအုံတွေ၊ နိုင်ငံပိုင်အဆောက်အအုံတွေ စာရင်းကိုလည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအလိုက် အချိန်မီ စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်နေပါတယ်"ဟု မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြောသည်။

မောင်တောမြို့တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းမိုရာသည် မေ ၂၉ ရက် ညပိုင်းမှ စတင်ပြီး ယနေ့ နံနက် ၈ နာရီအထိ တိုက်ခတ်ခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွဋ်**

---



## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၄၂၀၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃ ဒသမ ၄၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၃၉၆ သန်းခန့်)၊ စုစုပေါင်းတားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃ ဒသမ ၈၃၉၆ သန်းခန့်) ကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၆ ရက်တွင် မြဝတီမှရန်ကုန်သွားရောက်မည့် ၁၂ ဘီးယာဉ်ခြောက်စီးအား ရန်ကုန်မြို့အဝင်အမှတ်(၂) လမ်းမကြီး၌ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)အထူးကင်းအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Queen အချိုရည် (1 × 12) Pkgs, ဘေထုပ် (1 × 48 kg) 330 Pkgs, 19" Monitor 100 Pcs, Scanner 40 Pcs, ကွမ်းစားဆေး 240 Pkgs, Rice Cooker (1 × 4) 50 Pkgs, ကော်ကုန်ကြမ်း (1 × 100Kg) 30 Drums, Charger Controller Auto Equalizer (1)U, Nissan Diesel Engine with Gear Box(Used)(1)U, Nissan Diesel Engine(Used) (1)U, Cycle Tyre(1200)U, Cotton Fabric, Women Sarong စုစုပေါင်း 927 kg နှင့်သယ်ဆောင်သည့်ယာဉ်ခြောက်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၃၀၀ ခန့်)ကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

### ○ MNL မှ

ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁၅)အပြီးတွင် ရန်ကုန်အသင်းက ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်က ၃၅ မှတ်၊ ရတနာပုံက ၃၄ မှတ်၊ ဧရာဝတီနှင့် ရခိုင်က ၂၃ မှတ်စီ၊ မကွေးက အမှတ် ၂၀၊ Southern နှင့် ဟံသာဝတီတို့က ၁၅ မှတ်စီ၊ ဇွဲကပင် က ၁၄ မှတ်၊ နေပြည်တော်က ၁၂ မှတ်၊ ချင်းယူနိုက်တက်နှင့် GFA တို့က ၁၀ မှတ်စီ ရထားသည်။

ပွဲစဉ်(၁၅)တွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းကို အဝေးကွင်း၌ ဂိုးပြတ်ရှုံးနိမ့်ပြီး ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည့် ရန်ကုန်အသင်းသည် ယခုတစ်ပတ်တွင် ပွဲကျပ်ထပ်မံကစားရမည်ဖြစ်ကာ ခြေစွမ်းတက်နေသည့် မကွေးအသင်းနှင့် တွေ့ဆုံလျက်ရှိသည်။ ရန်ကုန်အသင်းသည် ယခုပွဲတွင် ထပ်မံခြေချော်ပါက ထိပ်ဆုံးနေရာမှ ဖယ်ပေးရဖွယ်ရှိနေသည်။ ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်းသည် နေပြည်တော်နှင့်ပွဲကို အဝေးကွင်းအစား ကြားကွင်း၌ ကစားရမည်ဖြစ်သောကြောင့် အခွင့်အရေးပိုသာဖွယ်ရှိနေပြီး လက်ရှိ ချန်ပီယံ ရတနာပုံအသင်းမှာမူ အိမ်ကွင်းထပ်မံကစားရမည်ဖြစ်သည်။

ယခုတစ်ပတ်ပွဲစဉ်အပြီးတွင် မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလားခြေစစ်ပွဲနှင့်မြန်မာ ယူ-၂၂ အသင်း၏ နိုင်ငံတကာပြိုင်ပွဲကြောင့် သုံးလကျော် ရပ်နားမည်ဖြစ်ပြီး စက်တင်ဘာလမှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

---



## တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၄၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**တာချီလိတ် မေ ၃၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ပါခါးကျေးရွာအနီးရှိ လက်ဖက်ခြံအတွင်းမှ မေ ၂၉ ရက် နံနက်ပိုင်းက ငွေကျပ် ၄၁၇၆ သိန်းခန့် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ပါခါးကျေးရွာအနီးရှိ လက်ဖက်ခြံအတွင်း ရှာဖွေရာ မြေကြီးအတွင်းမြှုပ်ထားသည့် သံသေတ္တာနှစ်လုံးအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၁၈၄၀၀၊ အလေးချိန် ၂၁ ဒသမ ၈၄ ကီလိုခန့်၊ စိတ်ကြွဆေးပြားပြုလုပ်ရန် အသင့်ရောစပ်ထားသည့် ပန်းရောင်အမှုန့် အလေးချိန် ငါးကီလိုခန့်ပါ တစ်ထုပ်နှင့် စိတ်ကြွဆေးပြားပြုလုပ်ရန် အသင့်ရောစပ်ထားသည့် ရေစိုပျက်စီးနေသော ပန်းရောင်အမှုန့် အလေးချိန် နှစ်ကီလိုခန့်ပါ တစ်ထုပ်တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ အားဂျေနှင့် မာထတို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**



## ဆယ်လ်ဖီတုတ်တံ အသုံးပြု အောင်ပွဲခံခဲ့သည့် ဟက်ဒါဖီးလ်ဒ် ကစားသမားများကို ပရိသတ်များဒေါသထွက်




ဟက်ဒါဖီးလ်ဒ်အနေဖြင့် ပရီမီယာလိဂ်တန်းတက်ခွင့်အတွက် ယှဉ်ပြိုင်သည့်ပွဲစဉ်တွင် ရက်ဒင်းအသင်းကို အနိုင်ရရှိပြီး တန်းတက်ခွင့်ရရှိခဲ့သော်လည်း ကစားသမားများက ကွင်းအတွင်း ဆယ်လ်ဖီတုတ်တံများဖြင့် ဓာတ်ပုံရိုက်အောင်ပွဲခံမှုကြောင့် ပရိသတ်များ၏ အမျက်သင့်ခံနေရကြောင်း သိရသည်။ ပရီမီယာလိဂ်ထိပ်တန်းအသင်းများဖြစ်သည့် အာဆင်နယ်၊ စပါးနှင့် မန်ယူအသင်းတို့သည် ကွင်းအတွင်း ဆယ်လ်ဖီတုတ်တံ အသုံးပြုဓာတ်ပုံရိုက်ကူးမှုကို တားမြစ်ထားသည်။

ဝင်ဘလေကွင်းတွင် ကစားခဲ့သည့် ယင်းပွဲစဉ်တွင် အောင်ပွဲခံနိုင်ခဲ့သည့် ဟက်ဒါဖီးလ်အသင်းမှ ကစားသမားများက ဆယ်လ်ဖီတုတ်တံများအသုံးပြုကာ ဓာတ်ပုံရိုက်ကူးခဲ့ကြရေးကိုသာ ဦးစားပေးခဲ့၍ ပရိသတ်များက အမျက်သင့်ကာ တန်းပြန်ဆင်းရသည်နှင့်ပင် ထိုက်တန်ကြောင်း တွစ်တာ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ဒေါသတကြီး ဝေဖန်ခဲ့ကြသည်။ ပရိသတ်အများစု၏ မှတ်ချက်များတွင် ကစားသမားများရဲ့အောင်ပွဲကို ဂုဏ်ပြုခြင်းထက် ဆယ်လ်ဖီတုတ်တံအသုံးပြုမှုကိုသာ အဓိကထားဝေဖန်ခဲ့ကြသည်ကို တွေ့ရသည်။

## အိုဇေးလ်နှင့် ဆန်းချက်ဇ်နှစ်ဦးပေါင်းကို တစ်နှစ်လုပ်ခ ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းရန် အာဆင်နယ်ပြင်ဆင်လာပြန်

***အာဆင်နယ်အနေဖြင့် သက်တမ်းတိုးစာချုပ် လက်မှတ်ထိုးနိုင်ခြင်းမရှိသေးတဲ့ အိုဇေးလ်နဲ့ ဆန်းချက်ဇ်တို့နှစ်ဦးပေါင်းအတွက် တစ်နှစ်လုပ်ခပေါင်သန်း ၃၀ ပေးချေမည်ဟူသော ကမ်းလှမ်းချက်အသစ်ကို ထပ်မံကမ်းလှမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။***




ဆန်းချက်ဇ်ကို တစ်ပတ်လုပ်ခ ပေါင် ၂၇၅၀၀၀၊ အိုဇေးလ်ကို တစ်ပတ်လုပ်ခ ၂၈၀၀၀၀ ဖြင့် ၂၀၂၀ အထိ နှစ်နှစ်စာချုပ် သက်တမ်းတိုးရန် ကမ်းလှမ်းမည်ဖြစ်သည်။ သူတို့နှစ်ဦး၏ လက်ရှိစာချုပ်မှာ ၂၀၁၈ နွေရာသီမှာပင် ကုန်ဆုံးမည်ဖြစ်ရာ ကလပ်အသင်းဘက်မှ နောက်ထပ်ကမ်းလှမ်းချက်အသစ်တစ်ရပ်ကို အလျင်အမြန် ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

အိုဇေးလ်၏ ကိုယ်စားလှယ်ဖြစ်သူက သူ့ကစားသမားအတွက် တစ်ပတ်လုပ်ခပေါင် ၃၅၀၀၀၀ အထိ တောင်းဆိုထားသော်လည်း ပေါင် ၂၈၀၀၀၀ ဖြင့်သာ ကမ်းလှမ်းမှု ပြုခဲ့ခြင်းဖြစ်သည်။

ဆန်းချက်ဇ်ကိုလည်း အစောပိုင်းက တစ်ပတ်လုပ်ခပေါင် ၃၀၀၀၀၀ ဖြင့် ကမ်းလှမ်းခဲ့သည်ဟု သတင်းထွက်ခဲ့သေးပြီး ယခုမူ ၂၅၀၀၀ လျှော့ကျကာ ပေါင် ၂၇၅၀၀၀ ဖြင့်သာ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ဦးစာချုပ်ကိစ္စကို မေ ၃၁ ရက်တွင် ပြုလုပ်မည့် အာဆင်နယ်ဘုတ်အဖွဲ့အစည်းအဝေးအတွင်း ဆွေးနွေးသွားမည်ဖြစ်သလို ဝင်းဂါးကို မူလက ကမ်းလှမ်းထားတဲ့ နှစ်နှစ်စာချုပ်ကိုလည်း ပြန်လည်သုံးသပ်မည်ဖြစ်သည်။

ဆန်းချက်ဇ်မှာ လန်ဒန်လူနေမှုဘဝကို နှစ်သက်သူဖြစ်သလို ယခုကဲ့သို့ မူရင်းရရှိတဲ့ လစာနှုန်းထားထက်များစွာမြင့်မားတဲ့ လုပ်ခလစာ ထပ်တိုးကမ်းလှမ်းမှုကြောင့် အဆိုပါကမ်းလှမ်းမှုအသစ်ကို ဆန်းချက်ဇ် လက်ခံလိမ့်မည်ဟု အာဆင်နယ်ဘက်မှ မျှော်လင့်နေသည်။ သို့သော် မန်စီးတီးအသင်းကလည်း ဆန်းချက်ဇ်ကို သေချာပေါက် ခေါ်ယူနိုင်မည်ဟု မျှော်လင့်နေသလို ဘိုင်ယန်မြူးနစ်အသင်းကလည်း ဘိုင်ယန်၏ အောင်မြင်မှု အစဉ်အလာကြောင့် ဆန်းချက်ဇ်ရရှိရေးတွင် အခြားအသင်းထက် ခေါင်းတစ်လုံးသာသည့် အနေအထား ရောက်နေသည်ဟု ယုံကြည်ထားသည်။ ယခုနှစ် နွေဈေးကွက်အတွင်း အာဆင်နယ်မှ ဝီရှိုင်းယား၊ အော်စပီနာ၊ ကီရန်ဂစ်ဘ်စ်၊ ကမ်းဘဲလ်နှင့် ဆက်ဇနီတို့ ထွက်ခွာဖွယ်ရှိနေပြီး ကစားသမားသစ်အင်အားဖြည့်တင်းမှု များစွာကို ပြုလုပ်ရတော့မည်ဖြစ်သည်။

မေ လဲ့ သင်း - စု စည်း ရေး သား သည်

## ကော်စတာက သူ့နေရာတွင် အစားထိုးရန် လူကာကူကို ခေါ်ယူသင့်ကြောင်း ချယ်လ်ဆီးကို တိုက်တွန်း

ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာက ယခုနှစ်နွေဈေးကွက်အတွင်းမှာပင် ချယ်လ်ဆီးမှ ထွက်ခွာရန်ဆန္ဒရှိသဖြင့် သူ့နေရာတွင် အစားထိုးနိုင်မယ့် ကစားသမားအဖြစ် လူကာကူကို ခေါ်ယူရန် ချယ်လ်ဆီးအသင်းကို တိုက်တွန်းထားကြောင်း သိရသည်။ ကော်စတာသည် အစောပိုင်းက တရုတ်စူပါလိဂ်သို့ ပြောင်းရွှေ့မည်ဟု သတင်းထွက်ခဲ့သော်လည်း ချယ်လ်ဆီးမှ သူထွက်ခွာဖြစ်လျှင်လည်း အက်သလက်တီကို အတွက်သာဖြစ်မည်ဟု အက်ဖ်အေဖလား ဗိုလ်လုပွဲအပြီးတွင် ပြောကြားခဲ့သည်။

ကော်စတာက အက်ဖ်အေဖလားဗိုလ်လုပွဲအပြီး ကျင်းပသည့် ချယ်လ်ဆီးအသင်း ညစာစားပွဲတွင် နည်းပြကွန်တီ၏ ချယ်လ်ဆီးတွင် ဆက်နေရန် စည်းရုံးမှုကို ငြင်းပယ်ပြီး သူ့နေရာတွင် အစားထိုးရန်အတွက် လူကာကူကို ခေါ်ယူဖို့ တိုက်တွန်းခဲ့ကြောင်း သိရသည်။ လာမည့်ရာသီတွင် ချယ်လ်ဆီးတွင်သာ ဆက်ရှိနေမည်လားဟူသော သတင်းထောက်များ၏ မေးမြန်းမှုကို ကော်စတာက ရှောင်ကွင်းသွားခဲ့ပြီး လူကာကူအကြောင်းကို တခမ်းတနားလုပ်ပြောကြားခဲ့ရာ ကော်စတာနှင့် ချယ်လ်ဆီးအသင်းတို့ လမ်းခွဲမှုကို အနေးနှင့်အမြန် တွေ့ကြရမည်ဟူသော ကောက်ချက်ဆွဲမှုများကို ပိုမိုအားကောင်းလာစေခဲ့သည်။

ယင်းသို့ သတင်းများထွက်လာပြီးနောက် အက်သလက်တီကို လက်ထောက်နည်းပြ ဂျူအန်ဗစ်ကိုင်နိုကလည်း ကော်စတာအတွက် အမြဲတံခါးဖွင့်ထားကြောင်း ဆိုခဲ့သည်။ ကော်စတာသည် ပြီးခဲ့သည့်ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်တွင် တရုတ်စူပါလိဂ်ကလပ် တီယန်ကျင်းအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သေးသော်လည်း ချယ်လ်ဆီးအသင်းက ထွက်ခွာခွင့်မပေးခဲ့၍သာ ပရီမီယာလိဂ်ချန်ပီယံအသင်းတွင် ဆက်ရှိနေခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုမူ တရုတ်စူပါလိဂ်ကလပ်သို့ ပြောင်းရွှေ့ရန် ဆန္ဒမရှိတော့ဘဲ အက်သလက်တီကို အသင်းသို့သာ ပြောင်းရွှေ့ရန် ဦးတည်လာခဲ့ခြင်းဖြစ်သည်။ အက်သလက်တီကိုအသင်းသည် တိုက်စစ်မှူး လာကာဇက်တီကို ခေါ်ယူရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက် ရယူထားပြီးဖြစ်သလို တိုက်စစ်မှူး ဂရစ်ဇ်မန်းကိုလည်း ဆက်ထိန်းမည်ဟု အသင်းဥက္ကဋ္ဌ ဂျူအန်က ပြောကြားထားပြီးဖြစ်သည်။ အကယ်၍ ကော်စတာသာ အက်သလက်တီကိုသို့ ရောက်ရှိလာမည်ဆိုပါက ဂရစ်ဇ်မန်းကို မန်ယူသို့ ထုတ်ရောင်းဖွယ်ရှိနေသည်။ ကော်စတာသည် ၂၀၁၄ ခုနှစ်တွင် အက်သလက်တီကိုမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၃၂ သန်းဖြင့် ထွက်ခွာသွားခဲ့သူဖြစ်ပြီး သုံးရာသီအတွင်း ပရီမီယာလိဂ်ဆုဖလားနှစ်ကြိမ်ကိုင်မြှောက်နိုင်ခဲ့သည်။

## နွေဈေးကွက်အတွင်း ပေါင်သန်း ၃၀၀ သုံးစွဲရန်ရှိနေသည့် မန်စီးတီး

မန်စီးတီးအသင်းသည် ယခုနှစ်နွေဈေးကွက်အတွင်း ငွေကြေးမြောက်မြားစွာသုံးစွဲပြီး အပြောင်းအလဲကို ဖော်ဆောင်မည်ဖြစ်ရာ ပေါင်သန်း ၃၀၀ အထိ သုံးစွဲရန် ရှိနေသည်။ ယခုနှစ်နွေဈေးကွက်အတွင်း အစောဆုံးလှုပ်ရှားနေသည့် မန်စီးတီးသည် ပြီးခဲ့သည့် ရက်ပိုင်းက မိုနာကို ကွင်းလယ်လူ ဘာနာဒိုဆေးလ်ဗားကို ပေါင် ၄၃သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ၂၄ နာရီအတွင်း ဘရာဇီးဂိုးသမား အက်ဒါဆန်ကို ပေါင် ၃၅ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ရန်ရှိနေသည်။ အက်ဒါဆန်သည် ဆေးစစ်မှုခံယူရန် မန်ချက်စတာမြို့သို့ ရောက်ရှိနေပြီဖြစ်ရာ မန်စီးတီးအသင်းမှ တရားဝင်ထုတ်ပြန်မှုကို ၂၄ နာရီအတွင်း ကြားသိရဖွယ်ရှိနေသည်။

မန်စီးတီးအနေဖြင့် အက်ဒါဆန်အတွက် ကနဦး ပေါင် ၃၅ သန်း ပေးချေရမည်ဖြစ်ရာ ယင်းပမာဏမှာ ဂိုးသမားတစ်ဦးအတွက် သုံးစွဲသော စံချိန်တင် တန်ဖိုးလည်း ဖြစ်လာမည်ဖြစ်သည်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာက အက်ဒါဆန်မှာ ဘရာဇီး၏ နံပါတ်(၁)ဂိုးသမားနေရာကို ခြိမ်းခြောက်နိုင်စွမ်းရှိသူဟု ယူဆထားပြီး အတောင့်တင်းဆုံး လူစာရင်းအခင်းအကျင်းဖြင့် လာမည့်ရာသီကိုရင်ဆိုင်ရန် နွေဈေးကွက်အဦးမှာပင် အရှိန်ကောင်းကောင်းဖြင့် လှုပ်ရှားနေခြင်းဖြစ်သည်။ ထို့ပြင် ဂွါဒီယိုလာက တိုက်စစ်ပိုင်းအတွက် အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်၊ နောက်တန်းခံစစ်အတွက် ဂျူဗင်တပ် နောက်ခံလူ ဘိုနူချီ( သို့မဟုတ်) ဆောက်သမ်တန် နောက်ခံလူ ဗန်ဂျန်ဗန်ဒိုက်ခ်၊ စပါးနောက်ခံလူ ဝေါကာနှင့် မိုနာကို နောက်ခံလူ မန်ဒီတို့ကို ခေါ်ယူရန် ချိတ်ဆက်နေသည်။ မန်စီးတီးသည် အစောပိုင်းက စပါးခံစစ်အတွဲဖြစ်သည့် ဒန်နီရို့စ်နှင့် ဝေါကာတို့နှစ်ဦးစလုံးကို တစ်ပြိုင်နက်တည်း ခေါ်ယူရန် စီစဉ်ခဲ့သော်လည်း စပါးအသင်းက ကစားသမားနှစ်ဦးစလုံးကိုရောင်းချရန် ဆန္ဒမရှိသောကြောင့် မိုနာကိုနောက်ခံလူ မန်ဒီကို ဘက်ပြောင်းချိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

# ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

ဒေါက်တာအောင်ထွက်း(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ် မေလ ၃၁ ရက်နေ့အား ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ "Word No Tobacco Day" အဖြစ်သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ယခင် ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်အဖြစ် "ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုလျှော့ချရေး၊ ထုပ်ပိုးမှုပုံစံသတ်မှတ်ပေး၊ ဝိုင်းဝန်းအကောင်အထည်ဖော်စို့မနေး" (Get Ready for Plain Packaging) ဟု သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ယခု ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်အဖြစ် "ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားမို့၊ ဆေးလိပ်၊ ဆေးရွက် တိုက်ဖျက်စို့" (Tobacc-A Threat to Development) ဟု သတ်မှတ်ဆောင်ရွက်ရန် နှိုးဆော်ထားပါသည်။

## အဆိပ်လိပ်

ဆေးလိပ်သောက်ခြင်းသည် ဆေးလိပ်သောက်သူ၏ ကျန်းမာရေးကိုသာမက ဆေးလိပ်ငွေ့ကို တစ်ဆင့်ခံရှူရှိုက်ရသောသူတို့၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ လူတစ်ဦး ဆေးလိပ်သောက်လိုက်သောအခါ ၎င်းဆေးလိပ်ငွေ့ကြောင့် ပတ်ဝန်းကျင်ရှိလူအများကို အတင်းအကျပ် ရှူခိုင်းသကဲ့သို့ ဖြစ်စေသည်။ ဆေးလိပ်ငွေ့တွင် လူကိုအန္တရာယ်ဖြစ်စေသော ဓာတ်ပစ္စည်းအနည်းဆုံး ၂၅၀ ပါရှိပြီး ဆေးလိပ်ငွေ့တွင်မူ နီကိုတင်း၊ ကတ္တရာ၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယားစသော လူကိုသေစေတတ်သည့် ကင်ဆာရောဂါဖြစ်စေတတ်သော ပစ္စည်း ၄၃ မျိုးအပါအဝင် ဓာတုပစ္စည်း ၄၃၀၀ ကျော် ပါဝင်ပေသည်။ အဆိုပါ ဓာတုပစ္စည်းများသည် ၎င်းတို့၏ဆိုးကျိုးကို ချက်ချင်းပင်ပြတတ်သည့်အတွက် လူငယ်လူရွယ်များ ဆေးလိပ်၊ ဆေးရွက်ကြီး စတင်သုံးစွဲသည်နှင့်တစ်ပြိုင်နက် ကျန်းမာရေးကို ထိခိုက်စေသည်။ အထူးသဖြင့် အဆုတ်ကို ထိခိုက်စေပြီး ကြံ့ခိုင်မှုကို လျော့နည်းစေသည့်အတွက် ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက်ပျက်စီးစေပြီးဖြစ်လေသည်။ ၎င်းတို့ကို ရှူရှိုက်မိသူ၏ ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများအပေါ်တွင် ဆိုးကျိုးသက်ရောက်စေသည်။

## ဆေးလိပ်ကြောင့်ဖြစ်သောရောဂါများ

ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် စီးကရက်အမျိုးမျိုး သောက်ခြင်း၊ ကွမ်းဆေးစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ကြောင့် အောက်ပါရောဂါများဖြစ်ပွားနိုင်ပါသည်။

- နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပွန်ရောင်ခြင်း။
- အဆုတ်ကင်ဆာဖြစ်ခြင်း၊ ပါးစပ်၊ လျှာ၊ အစာပြွန်၊ လေမျိုပြွန်ဝ၊ ဆီးအိမ်ကင်ဆာနှင့် အခြားကင်ဆာများဖြစ်ပွားခြင်း၊ ခြေပုပ်၊ လက်ပုပ်ရောဂါဖြစ်ခြင်း။
- အမျိုးသားများတွင် အိမ်ထောင်ရေးသုခ အပြည့်အဝမခံစားနိုင်ခြင်း (Impotency)။
- ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် လသားကလေးငယ်များ ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း၊ ကလေးများတွင် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်ပွန်ရောင်ခြင်း။
- ဆေးလိပ်သောက်သုံးသူ၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် ပတ်ဝန်းကျင်ရှိလူများကို ထိခိုက်စေခြင်း။
- အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန် ဆေးလိပ်သောက်လျှင် သားပျက်သားလျှောခြင်း၊ သွေးလွန်ခြင်း၊ လမစေ့ဘဲကလေးမွေးခြင်း၊ မွေးရာပါချို့ယွင်းချက်ပါလာခြင်း။
- မီးတွင်းကလေးသေဆုံးခြင်း၊ ပေါင်မပြည့်သော ကလေးမွေးဖွားခြင်း။
- ကလေးခန္ဓာကိုယ်ကြီးထွားမှုနှေးကွေးခြင်း၊ ရောဂါများဖြစ်ပွားနိုင်ပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးသည် ကျန်းမာရေးကိုသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးတို့ကိုပါ ထိခိုက်ပျက်စီးစေတတ်ပါသည်။ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားလျက်ရှိပါသည်။

၂၀၁၇ ခုနှစ် မေလအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် နှစ်စဉ်လူပေါင်း ခုနစ်သန်းခန့် သေဆုံးလျက်ရှိပြီး ယင်းတို့အနက် ဆေးလိပ်မသောက်သော်လည်း သူတစ်ပါး၏ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းကြောင့် သေဆုံးရသူ ရှစ်သိန်းကိုးသောင်းခန့်ပါဝင်ကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် ဆေးလိပ်နှင့် ဆေးရွက်သောက်သုံးသူ တစ်ဘီလီယံအနက် ၈၀ ရာခိုင်နှုန်းကျော်မှာ ဝင်ငွေနည်းသော၊ ဝင်ငွေအလယ်အလတ်ရှိသောတိုင်းပြည်များတွင် နေထိုင်ကြသူများဖြစ်ကြပါသည်။

## မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု အခြေအနေ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်စစ်တမ်း (၂၀၁၅-၂၀၁၆) "Myanmar Demographi and Health Survey(2015-2016)" အရ အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်း အမျိုးသားများ၏ ၃၂ ရာခိုင်နှုန်းသည် စီးကရက်သောက်သုံးကြ၍ ၁၄ ရာခိုင်နှုန်းသည် ဆေးပေါ့လိပ်၊ ဆေးတံသောက်သုံးကြကြောင်း၊ စီးကရက်သောက်သုံးသူအမျိုးသားခြောက်ဦးအနက် တစ်ဦးသည် တစ်နေ့လျှင် စီးကရက် ၁၀ လိပ်နှင့်အထက် သောက်သုံးကြကြောင်း တွေ့ရပါသည်။ အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်း မြန်မာအမျိုးသမီး၏ ၉၆ ရာခိုင်နှုန်းသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးမသုံးစွဲကြဘဲ နှစ်ရာခိုင်နှုန်းခန့်သာ စီးကရက် (သို့မဟုတ်) ဆေးပေါ့လိပ်၊ ဆေးတံသောက်သုံးကြကြောင်း၊ ယင်းသုံးစွဲသူတို့အနက် အသက် ၄၀ မှ ၄၉ နှစ်အတွင်း မြန်မာအမျိုးသား ၉၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၈ ရာခိုင်နှုန်းတို့သည် ကွမ်းယာစားသုံးကြ၍ အမျိုးသားငါးဦးအနက် နှစ်ဦး၊ အမျိုးသမီး ငါးဦးအနက် တစ်ဦးသည် တစ်နေ့လျှင် ကွမ်းယာ ၁၀ ယာနှင့်အထက်စားသုံးကြကြောင်း တွေ့ရပါသည်။

မြန်မာများ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုပုံစံကို လေ့လာကြည့်လျှင် အမျိုးသမီးများအတွက် အသက်ကြီးလာသည်နှင့်အမျှ စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးတံနှင့် ကွမ်းယာစားသုံးမှု မြင့်မားလာကြောင်း တွေ့ရပါသည်။ အမျိုးသားများတွင်မူ အသက် ၂၀၊ ၂၉ နှစ်လူငယ်များအတွက် စီးကရက်သောက်သုံးမှုအများဆုံး ၃၇၊ ၃၈ ရာခိုင်နှုန်းနှင့် အသက် ၄၀၊ ၄၉ နှစ်အတွင်း လူကြီးများတွင် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးတံများ ပိုမိုသောက်သုံးကြကြောင်း တွေ့ရပါသည်။ (၂၁၊ ၂၂ ရာခိုင်နှုန်း)

## ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုအခြေအနေ

နယ်မြေဒေသအလိုက် မြန်မာများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု အခြေအနေကို လေ့လာကြည့်ရာတွင် မြို့ပြထက် ကျေးလက်ဒေသများတွင် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးတံနှင့် ကွမ်းယာစားသုံးမှု မြင့်မားကြောင် တွေ့ရ၏။

အမျိုးသမီးများတွင် စီးကရက်သောက်သုံးမှု၌ ကရင်ပြည်နယ် ၁၀ ရာခိုင်နှုန်း၊ ဆေးလိပ်၊ ဆေးတံသောက်သုံးမှု၌ ရခိုင်ပြည်နယ် ၁၁ ရာခိုင်နှုန်း၊ အခြားဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှု၌ ချင်းပြည်နယ် ၁၅ ရာခိုင်နှုန်း၊ အများဆုံးဖြစ်ကြောင်းတွေ့ရသည်။ အမျိုးသားများတွင် စီးကရက်သောက်သုံးမှု၌ တနင်္သာရီတိုင်းဒေသကြီး ၅၁ ရာခိုင်နှုန်း၊ ဆေးပေါ့လိပ်၊ ဆေးတံသောက်သုံးမှု၌ ပဲခူးတိုင်းဒေသကြီး ၂၈ ရာခိုင်နှုန်း၊ အခြားဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှု၌ စစ်ကိုင်းတိုင်းဒေသကြီး ၁၂ ရာခိုင်နှုန်းတို့ အများဆုံးဖြစ်ကြောင်းတွေ့ရသည်။ ကွမ်းစားသုံးမှုတွင် ရခိုင်ပြည်နယ်သည် အများဆုံး (အမျိုးသား ၇၉ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၀ ရာခိုင်နှုန်း) ဖြစ်ကြောင်းတွေ့ရသည်။

မြန်မာနိုင်ငံတွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်ရှိ ကျောင်းသား ကျောင်းသူများအတွင်း စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ်စစ်တမ်း (Global Youth Tobacco Survey) အရ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း ကျောင်းသူ၊ ကျောင်းသားများ၏ (၁၀ ဒသမ ၂ ရာခိုင်နှုန်း) ရှိခဲ့ရာ ၂၀၀၇ ခုနှစ်စစ်တမ်းအရ (၄ ဒသမ ၉ ရာခိုင်နှုန်း) သို့ ကျဆင်းလာကြောင်းတွေ့ရပါသည်။ သို့သော် ၂၀၁၁ ခုနှစ်စစ်တမ်းတွင် (၆ ဒသမ ၈ ရာခိုင်နှုန်း) နှင့် ၂၀၁၆ ခုနှစ်စစ်တမ်းတွင်မူ (၈ ဒသမ ၃ ရာခိုင်နှုန်း) သို့ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် မြန်မာကျောင်းသားလူငယ်များအတွင်း ဆေးရွက်ကြီးပါသော ကွမ်းစားသုံးမှုသည် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

## မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးကင်းစင်ရေး ဆောင်ရွက်ချက်များ

ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကုလသမဂ္ဂနှင့် နှီးနွှယ်ဌာနအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းဝေးရေးစီမံချက်ဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကို လျော့နည်းစေရန် (MPOWER) မူဝါဒခြောက်ချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထင်ရှားသောမှတ်တိုင်များအနေနှင့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခွင့်မပြုခြင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက်ရနယ်မြေအဖြစ်သတ်မှတ်ခြင်း စသည်တို့ကို ညွှန်ကြားဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို အတည်ပြုသည့် ၁၁ နိုင်ငံမြောက်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၆/ ၂၀၁၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် (၁၅-၃-၂၀၁၂) ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၁၆/ ၂၀၁၂) ဖြင့် ကုန်သွယ်လုပ်ငန်းခွင်အဖြစ် စီးကရက်အတွက် ၁၀၀ ရာခိုင်နှုန်း၊ ဆေးပေါလိပ်၊ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး၊ ဆေးတံသောက်ဆေးများနှင့် ကွမ်းစားဆေးများအား ၅၀ ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေအရ စီးကရက်အလိပ်နှစ်ဆယ် တစ်ဘူးရောင်းဈေးကျပ် ၃၀၀ အထိဖြစ်လျှင် တစ်လိပ်ချင်းအပေါ်တွင် သုံးကျပ်ကောက်ခံရန် ပြဋ္ဌာန်းရာမှ ၂၀၁၇ ခုနှစ် ပြည်ထောင်စု အခွန်ကောက်ခံဥပဒေတွင် တစ်ဘူးရောင်းဈေး ၄၀၀ ကျပ်အထိဖြစ်လျှင် တစ်လိပ်ချင်းအပေါ်မှ လေးကျပ်ကောက်ရန်တိုးမြှင့်ခဲ့သည်။ ထို့ပြင် ဆေးပေါလိပ်၊ ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး၊ ဆေးတံသောက်ဆေးများနှင့် ကွမ်းစားဆေးများအား အခွန် (ခြောက်ဆယ်ရာခိုင်နှုန်းမှ ရှစ်ဆယ်ရာခိုင်နှုန်း) အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်နေ့တွင် ဆေးလိပ်ထုပ်တိုင်း၏ မျက်နှာပြင် ၅၀ ရာခိုင်နှုန်းတွင် ဆေးလိပ်အန္တရာယ်များ ဖော်ပြသောရုပ်ပုံများနှင့် မျက်နှာပြင် ၂၅ ရာခိုင်နှုန်းတွင် ကျန်းမာရေးသတိပေးချက်စာသားများဖော်ပြရန် ညွှန်ကြားချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်းညွှန်ကြားချက်သည် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နောက်ဆုံးထားကာ ဈေးကွက်အတွင်း ဥပဒေနှင့်မညီသော ဆေးလိပ်ထုပ်များ မရှိစေရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

## ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားမို့ ဆေးလိပ်ဆေးရွက်တိုက်ဖျက်စို့

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ အဓိကရည်ရွယ်ချက်မှာ လက်ရှိလူသားများနှင့် နောင်အနာဂတ်မျိုးဆက်များကို အလွန်ဆိုးရွားလှသော ကျန်းမာရေးဆိုးကျိုးများဖြစ်ပွားခြင်းမှ ကာကွယ်ရုံသာမက ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းနှင့် ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် ဖြစ်ပွားသော လူမှုစီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုးကျိုးများ မရှိအောင်လည်း စောင့်ရှောက်ပေး၍ ဖွံ့ဖြိုးတိုးတက်သောဘဝများဖြစ်လာရန် ဖြစ်ပါသည်။

## ၂၀၁၇ ခုနှစ်အတွက် ထူးခြားသောရည်ရွယ်ချက်များမှာ

-ပြည်သူများအား ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ ဆက်စပ်မှုကို မီးမောင်းထိုးပြ၍ တစ်တပ်တစ်အားပါဝင်ကြရန်။

- အဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များ ၂၀၃၀ (Sustainable Development Goals: SDG) များ အကောင်အထည်ဖော်ရာတွင် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ်ထည့်သွင်းရန်။

- ဆေးလိပ်နှင့် ဆေးရွက်ကြီးစက်ရုံများ၏ ဈေးကွက်ချဲ့ထွင်မှုများကို တန်ပြန်ဆောင်ရွက်နိုင်ရန်

- ဒေသအလိုက်၊ နိုင်ငံအလိုက်နှင့် နိုင်ငံတကာကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် ဖြစ်ပါသည်။

## သင်လည်း ပါဝင်လှုပ်ရှားပါ

သို့ဖြစ်၍ ပြည်သူနှင့်အတူ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် နှီးနွှယ်ဌာနအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် မိမိတို့မိသားစုအတွင်း၊ ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း၊ ကျောင်းအတွင်းမှသည် တစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းတိုက်ဖျက်သွားကြရန်နှင့် ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့လှုပ်ရှားမှုကို အောက်ပါအချက်များ လိုက်နာဆောင်ရွက်ခြင်းဖြင့် သင်လည်း တစ်တပ်တစ်အား ပါဝင်လှုပ်ရှားရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ဆေးလိပ်၊ ဆေးရွက်ကြီးကို အစပြုလျှင် စွဲတတ်သည်။ ထို့ကြောင့် ဆေးလိပ်ကို လုံးဝအစမပြုပါနှင့်။ ကွမ်းဆေးမစားပါနှင့်၊ ဆေးရွက်ကြီးမငုံပါနှင့်။

- မိဘပြည်သူများက သားသမီးများနှင့် ကလေးသူငယ်များကို ဆေးလိပ်အစမပြုမိစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြပါ။ သတိပေးကြပါ။

- အိမ်တွင်း၌ ဆေးလိပ်မသောက်ပါနှင့်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအနီး ဆေးလိပ်မသောက်ပါနှင့်။ အခြားသူများကိုလည်း ဟန့်တားပါ။

- ဆေးလိပ်သောက်မိလျှင်၊ စွဲနေလျှင် ဖြတ်နိုင်ရန် ကြိုးစားပါ။ နီးစပ်ရာ ကျန်းမာရေးဌာနတွင် တိုင်ပင်ပြသပါ။

- လူတိုင်း စံပြနမူနာအဖြစ် ဆေးလိပ်၊ ဆေးရွက်ကြီးကို ရှောင်ကြဉ်ကြ၍ ပြည်သူများအား ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်ကို ပညာပေးကာကွယ်ကြပါ။

❐

# ပြည်သူ့သဘောထားအကြံဉာဏ်ရယူရေးအလုပ်ရုံဆွေးနွေးပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တက်ရောက်

**မုံရွာ မေ ၃၀**
အထက်ကအောက်ကိုချမှတ်သောစီမံကိန်းနှင့် အကြောက်တရားအခြေခံအုပ်ချုပ်သော စနစ်ကိုအစားထိုးဆောင်ရွက်နိုင်သည့်စနစ်ဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတွင် ရေးဆွဲထားရန်လိုအပ်ကြောင်း မေ ၃၀ ရက်က မုံရွာမြို့ မြသလ္လာခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာအပေါ် ပြည်သူ့သဘောထားအကြံဉာဏ်ရယူရေးအလုပ်ရုံဆွေးနွေးပွဲအဖွင့်တွင် ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

"စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာရဲ့ အဓိကအုတ်မြစ်ဟာ အစိုးရနဲ့ တောင်သူလယ်သမား၊ ပုဂ္ဂလိကတို့ပေါင်းစပ်ပြီး ဆောင်ရွက်ရမယ့်စနစ်ကို အဓိကဦးတည်တယ်လို့ သိရပါတယ်။ ဒါကြောင့် အထက်ကအောက်ကိုချမှတ်တဲ့စီမံကိန်းနဲ့ အကြောက်တရားအခြေခံအုပ်ချုပ်တဲ့စနစ်ကို အစားထိုးဆောင်ရွက်နိုင်တဲ့စနစ်နဲ့ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာမှာရေးဆွဲထားဖို့လိုပါမယ်။ အဓိကအချက်ကတော့ ပြည်သူ့တောင်းဆိုချက်တွေကို ပြည်သူ့ဝန်ထမ်းတွေက ပြည်သူ့ဘဏ္ဍာနဲ့အရင်းအမြစ်တွေကို အသုံးပြုပြီး ပြည်သူနဲ့အတူ ဖြည့်ဆည်းပေးဖို့လိုပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်ရွက်မှုပုံစံနဲ့ပတ်သက်လို့ အပြောင်းအလဲများစွာကို ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ်"ဟု ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်က စစ်ကိုင်းတိုင်းဒေသကြီး၏ လယ်ယာသားငါးကျေးလက်ကဏ္ဍ၏ အားသာချက်အားနည်းချက်၊ အခွင့်အလမ်း၊ စိန်ခေါ်မှုများနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတို့ကို ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးပြီး ဆွေးနွေးပွဲပံ့ပိုးကူညီသူ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က စိုက်ပျိုးရေးဖွံ့ဖြိုးမှုအဓိကလိုအပ်ချက်ကို ကဏ္ဍအလိုက်ဆွေးနွေးရန်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့တက်ရောက်လာသူ မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် စိုက်ပျိုးရေးပညာရှင် ဦးသန်းထွန်း၊ လုပ်ငန်းရှင်ဒေါက်တာစိန်ထွန်း၊ တိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးမြင့်အောင်တို့က ကအလိုက်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲတက်ရောက်သူ အားလုံးမှ ၁၀ ဦးစီပါဝင်သော ဆွေးနွေးပွဲအဖွဲ့ငယ်များကို အချိုးကျဖွဲ့စည်းကာ စားပွဲဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၏စီးပွားရေးတွင် လယ်ယာကဏ္ဍနှင့်ကျေးလက်ဒေသ အခြေခံစီးပွားရေးကသာ အဓိကမဏ္ဍိုင်အဖြစ်ပါဝင်နေဆဲဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းတို့သည် နိုင်ငံ GDP ၏ ၂၈ ရာခိုင်နှုန်းပါဝင်နေသည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းအားလုံး၏ သုံးပုံနှစ်ပုံကိုလွှမ်းမိုးထားကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပဲမျိုးစုံ၊ ဆန်၊ ငါး၊ ပုဇွန်၊ ရော်ဘာ စသည့်ထုတ်ကုန်တင်ပို့မှုများကလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံရရှိစေခဲ့သော်လည်း စိန်ခေါ်မှုများက ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်

**ပဲခူး မေ ၃၀**
ပဲခူးမြို့ မြို့တော်ခန်းမ၌ မေ ၃၀ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပ ပညာရေးနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက ကျောင်းအပ်နှံရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာများက အာသောက ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အထက(၆)၊ လ(ခွဲ) ဘုရားသုံးဆူကျောင်းတို့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုကြသည်။

ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေးအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ရာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွက် မူလတန်းအဆင့်ပုံနှိပ်စာအုပ်များ တန်ဖိုးကျပ် ၁၁၀၅ ဒသမ ၉၇ သန်း၊ အလယ်တန်းအဆင့်အတွက် ကျပ် ၃၉၈ ဒသမ ၂၅ သန်း၊ အထက်တန်းအဆင့်အတွက် ကျပ် ၄၆၉ ဒသမ ၁၈ သန်း ဖြန့်ဝေပေးမည်ဖြစ်ပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ဝတ်စုံတစ်စုံအခမဲ့ဖြန့်ဝေပေးရာ တိုင်းဒေသကြီးတစ်ခုလုံးတွင် ဝတ်စုံတန်ဖိုးကျပ် ၇၅၂ ဒသမ ၈၆၂၁၇၃ သန်း အခမဲ့ထောက်ပံ့ပေးမည်ဖြစ်သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ပထမတန်းမှစတင်၍ စတုတ္ထတန်းအထိ ပညာရေးဝန်ကြီးဌာနမှ ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ်ခြောက်အုပ်နှုန်း တန်ဖိုးငွေကျပ် ၄၁၈ ဒသမ ၅၁၇ သန်း အခမဲ့ထောက်ပံ့ပေးမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သတ်မှတ်ထားသည့်ကာလအတွင်း သင်ယူပြီးမြောက်စေရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းရောက်ရှိရေး၊ ကျောင်းနေမြဲရေး၊ ကျောင်းထွက်သူပပျောက်ရေးတို့အတွက် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးဦးစီးဌာနညွှန်ကြားရေးချုပ်၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြန်မာသြဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများအသင်း အသိအမှတ်ပြုလက်မှတ်ပေးအပ်

**ရန်ကုန် မေ ၃၀**
မြန်မာသြဂဲနစ် စိုက်ပျိုးထုတ်လုပ်သူများအသင်း အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို မေလစတုတ္ထပတ်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် အောင်ပင်လယ်မဂ္ဂဇင်းအယ် ဒီတာချုပ်ဒေါ်ဒေဝီသန့်စင်တို့က အမှာစကားပြောကြားပြီး မြန်မာသြဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးလှမင်းနှင့် ဒုဥက္ကဋ္ဌ ဒေါက်တာသန်းသန်းစိန်တို့က Participatory Guarantee System (PGS) စနစ်ဖြင့် မျိုးစပါးစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် PGS စနစ် မြန်မာနိုင်ငံ၌ စတင်ကျင့်သုံးခဲ့ပုံများကို ရှင်းလင်းသည်။ မြန်မာသြဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများ အချင်းချင်း အတွေ့အကြုံများမျှဝေကြသည်။

အဆိုပါအသင်းကို ၂၀၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အသင်းဝင်ပေါင်း ၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**နေသစ်ဦး**

# ကလေးစာပေပွဲတော် (တောင်ကြီး)ကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားမှုများ ကြည့်ရှု

**တောင်ကြီး မေ ၃၀**
တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်တွင်ပြုလုပ်မည့် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်သည် မေ ၂၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးတက္ကသိုလ်သို့ရောက်ရှိပြီး ခန်းမပြင်ဆင်ထားရှိမှု၊ ကလေးကဗျာရွတ်ဆိုနှင့် ပုံပြောပြိုင်ပွဲပြုလုပ်မည့် ခန်းမပြင်ဆင်ထားရှိမှု၊စာပေဆွေးနွေးပွဲနှင့် စာပေဟောပြောပွဲခန်းမပြင်ဆင်ထားရှိမှု၊ ဆရာကြီးမင်းသုဝဏ်စာအုပ်ပြခန်း၊ ကလေးစာပေပြခန်းနှင့် စာအုပ်ဈေးရောင်းဆိုင်ခန်းများ စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုပြီး လုပ်ငန်းများဆောင်ရွက်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ရာ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ



အောင်သန်းမောင်က လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် လုပ်ငန်းကော်မတီများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြသည်။

ရှမ်းပြည်နယ်(တောင်ကြီး) ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ဇွန် ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်တွင် ကလေးစာဖတ်ခန်းများ၊ ကလေးကစားနည်းမျိုးစုံနှင့် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စက္ကူခေါက်၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာပေဟောပြောပွဲ၊ စာပေဆွေးနွေးပွဲများကို ကျင်းပမည့်အပြင် စာအုပ်ဈေးရောင်းပွဲတော်တွင်လည်း ကလေးစာပေစာအုပ်များ၊ အခြားသုတရသစာအုပ်မျိုးစုံကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း ၂၀၁၆-၂၀၂၁ စတင်ဆောင်ရွက်နေမှု ရှင်းလင်းတင်ပြ

**မြစ်ကြီးနား မေ ၃၀**
ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ပြုစုဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပူးပေါင်းပါဝင်ဆွေးနွေး အကြံပြုခဲ့ပြီး အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ရွှေသွေးခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာလီလီမြင့်က အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) စာအုပ်များအား လွှဲပြောင်းပေးအပ်ရာ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ပြုစုဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပူးပေါင်းပါဝင်ဆွေးနွေး အကြံပြုခဲ့ရာတွင်ပါဝင်ပြီး အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်နေမှုအား မြစ်ကြီးနားတက္ကသိုလ် ဒုတိယပါမောက္ခ ဒေါက်တာဇော်ဂျက်က ရှင်းလင်းတင်ပြ၍ လုပ်ငန်းကဏ္ဍကိုးခုမှ တာဝန်ရှိသူများက သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်ပညာရေးမှူး ညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားသို့ ဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် နိုင်ငံရေးပါတီများမှ အထူးဖိတ်ကြားထားသူများ အင်အား ၉၀ ခန့် တက်ရောက်ကာ တက်ရောက်လာသူများအား အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အနှစ်ချုပ် စာအုပ်များဝေငှပေးခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# တစ်ပတ်အတွင်းအားကစားသတင်း

## တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

'Dpfwt wufwmt m;upm;avmuwifxjcm;rsw t rm;uDzpfsyr , fjk&dwfvdkt 0ifpm;qifjpfsewmu ref, LEdkifmifr , fraymifbJ&qGm ckvpf;awmutwpr;&aymaew *&pfzef&Um;&m'ref, ltwuf13ESukmav:avcHwbef D t em*wfuddkudom:pkW&ifvDES wft wifaqjwfom;r , fvlkymu;cHwbpfruf qDsxmifP21v jypt Pt r&Sypmu ra&S aESf qf vjpDd, vfu ykjv Tt ojrLae&&f&bifiawukt cef&S tw , fv wifxufvmwmawu t xjcm;qjd , fvl , bk;owf&S t iyw , f 'Dwm 'Dalumift&mojdkjd 'wpfywtU xjcm;qjt m;upm; owiawt jzpfojyfrawe Wifqufy;vsfyw , f



### စပိန်နိုင်ငံရဲ့ ဒုတိယအကြီးဆုံးအခွန်လိမ်လည်သူဖြစ်လာတဲ့ စီရိုနယ်လ်ဒို

အခွန်တိမ်းရှောင်မှုကြောင့် မက်ဆီကိုစပိန်တရားရုံးက ထောင်ဒဏ် ၂၁ လ ပြစ်ဒဏ် ချမှတ်လိုက်ပါတယ်။ ဒါပေမယ့် စပိန်နိုင်ငံရဲ့ ဥပဒေကြောင်းအရ ပထမဦးဆုံးအကြိမ် ပြစ်ဒဏ်ကျူးလွန်ပြီး ထောင်ဒဏ် ၂၄ လအောက်ဆို ထောင်ကျခံစရာမလိုတာကြောင့် မက်ဆီအနေနဲ့ ဂုဏ်သိက္ခာပိုင်းထိခိုက်တာကလွဲရင် ထောင်ဒဏ်ကျခံရမှာ မဟုတ်ပါဘူး။ ဒီလို စီရင်ချက် ထွက်လာပြီး သုံးရက်အကြာမှာပဲ စီရိုနယ်လ်ဒိုဟာ စပိန်နိုင်ငံရဲ့ ဒုတိယအကြီးဆုံး အခွန်လိမ်လည်မှုမှာ ပါဝင်ပတ်သက်ခဲ့တယ်ဆိုတဲ့ သတင်းတွေ ထွက်လာ ပြန်ပါတယ်။ သူဟာ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၃ ခုနှစ် အတွင်း ရုပ်ပုံလွှာ အသုံးပြုခကနေ ရရှိတဲ့ဝင်ငွေတွေ အပေါ် အခွန်လိမ်လည်ခဲ့တာလို့ စွပ်စွဲခံခဲ့ရတာဖြစ်ပါတယ်။ သူ့အနေနဲ့ ပေါင် ၁၃သန်း စပိန်အစိုးရကိုပေးဖို့ ပျက်ကွက်ခဲ့ပြီး စပိန်အခွန် အေဂျင်စီနဲ့ အစိုးရ ရှေ့နေတွေနဲ့ပေါင်းပြီး ဒီကိစ္စရပ်ကို စွဲချက်တင်ဖို့ ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

ဒီကိစ္စရပ်ကို အားကစားဝက်ဘ်ဆိုက်အတော်များများကလည်း ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် စီရိုနယ်လ်ဒိုအနေနဲ့ အခွန်ရှောင်ခဲ့တယ်ဆိုတဲ့ သတင်းထွက်လာတာဟာ ပထမဦးဆုံးအကြိမ်မဟုတ်ဘဲ ၂၀၁၆ခုနှစ် ဒီဇင်ဘာလတုန်းကလည်း ဒါမျိုး သတင်းတွေ ထွက်ခဲ့ပါတယ်။ သူဟာ အရင်က ဒီလိုမျိုး သတင်းတွေထွက်လာပြီဆိုချက်ချင်းရှင်းလင်းခဲ့ပေမယ့် ဒီတစ်ကြိမ်တော့ ထူးထူးခြားခြား နှုတ်ဆိတ်နေပါတယ်။ အဲဒီအချိန်တုန်းက ရီးယဲလ်မက်ဒရစ်ကလည်း သူတို့ကစားသမားကို လေးစားမှုပေးဖို့နဲ့ စီရိုနယ်လ်ဒိုဟာ ဒီလိုစရိုက်မျိုးရှိသူ မဟုတ်ဘူးလို့ တုံ့ပြန်ပေးခဲ့ပါတယ်။

ဒီတစ်ကြိမ်မှာတော့ ရီးယဲလ်ရော ကာယကံရှင် စီရိုနယ်လ်ဒိုပါ အသံတိတ်နေပါတယ်။ စပိန်အာဏာပိုင်တွေကတော့ စီရိုနယ်လ်ဒိုအနေနဲ့ အုပ်ချုပ်ရေးပိုင်း ကိစ္စရပ်တွေမှာ ကျွမ်းကျင်ပိုင်နိုင်မှု မရှိတာကြောင့် ဒီလိုပြဿနာတွေ ဖြစ်လာရတာဆိုပြီး အကြောင်းပြမယ်လို့ ကြိုတွက်ထားကြပါ တယ်။ ထင်မြင်ချက်တွေထက် တကယ်ကျူးလွန်၊ မကျူးလွန်ဆိုတာ ကာယကံရှင် ကိုယ်တိုင်သာ အသိဆုံးဖြစ်မှာဖြစ်ပေမယ့် နာမည်ကျော်ကစားသမားတွေ အခွန်ကိစ္စနဲ့ပတ်သက်ပြီး အခုလို ပြဿနာပေါ်လာတာဟာ စပိန်နိုင်ငံကို လာရောက်ကစားလိုတဲ့ ကစားသမားတွေကို အနည်းနဲ့အများ တွန့်ဆုတ်သွားစေမှာတော့ အမှန်ပဲ ဖြစ်ပါလိမ့်မယ်။



### ရွန်းနီအတွက် မန်ယူမှာနေရာတစ်နေရာ သေချာမယ့်အဖြေကိုရှာချိန်ရောက်ပြီ

ရွန်းနီဆိုတာ မန်ယူအသင်းရဲ့ လက်ရှိအသင်းခေါင်းဆောင်၊ ကလပ်အသင်း ရဲ့ ထာဝရ ဂိုးသွင်းစံချိန်ရှင်။ ဒါပေမယ့် ဒီလို ဂုဏ်ပုဒ်တွေဟာ ခုတော့ မန်ယူကစားသမားဘဝ ပုံမှန်ပွဲထွက်ခွင့်အတွက် အာမခံချက် မရရှိတဲ့အနေအထားပါ။ ရွန်းနီကတော့ သူ့ကို ကမ်းလှမ်းထားတဲ့ အသင်းများစွာရှိပြီး သူ့အနာဂတ်ကိစ္စရပ်ကို လာမယ့် နှစ်ပတ်အတွင်း မိသားစုနဲ့ တိုင်ပင်ကာ အဖြေထုတ်မယ်လို့ ဆိုထားပါ တယ်။ ဒီလိုစကား ရွန်းနီဆီက ထွက်လာတာဟာ ယူရိုပါလိဂ်ဗိုလ်လုပွဲအပြီး နောက်တစ်ရက်အကြာ၊ အင်္ဂလန်လက်ရွေးစင်အသင်းလူစာရင်းကနေ ချန်လှပ်ခံခဲ့ရပြီးချိန်မှာ ပြောခဲ့တာဖြစ်ပါတယ်။ တကယ်ဆို ရွန်းနီဟာ အခုမှ အသက် (၃၁)နှစ်သာ ရှိသေးပြီး ကိုယ်ခန္ဓာကြံ့ခိုင်မှုအနေအထားအရလည်း အကောင်းဆုံးကစားနိုင်ဆဲပါ။ ဒီလိုအချိန်မှာ အင်္ဂလန်ရဲ့ထိပ်တန်းဂိုးသွင်းရှင်တစ်ယောက်၊ မန်ယူရဲ့ ထိပ်တန်းဂိုးသွင်းရှင်တစ်ယောက်အနေနဲ့ အခုလိုနိုင်ငံ့လက်ရွေးစင်အသင်းကနေ ချန်လှပ်ခံရတာ၊ အသင်းရဲ့ အရန်ကစားသမားအဖြစ်သာ အချိန်ကုန်နေရတာဟာ သူ့ရဲ့ ဂုဏ်သိက္ခာ အတွက် ထိခိုက်စေသလို ကာယကံရှင်အတွက်အင်မတန်မှလည်း နာကျင်၍ ခံရခက်ဖြစ်မယ်ဆိုတာ အထူးပြောစရာတောင် လိုမယ်မထင်ပါဘူး။

နည်းပြ မော်ရင်ဟိုကတော့ လာမယ့်ရာသီ မန်ယူအတွက် ရွန်းနီ ဆက်ကစားတာကို မြင်တွေ့လိုကြောင်း ဆိုခဲ့ပေမယ့် ဒီစကားဟာလည်း ရွန်းနီအတွက် နှစ်သိမ့်ခံ စကားသက်သက်သာ ဖြစ်မှာပါ။ ခုနောက်ဆုံးကြားသိရသလောက်ကတော့ အဲဗာတန်အသင်းကလည်း သူ့အပေါ်ထားခဲ့တဲ့ စိတ်ဝင်စားမှု လျော့ကျလာတာကြောင့် စူပါလိဂ်(ဒါမှမဟုတ်) မေဂျာလိဂ်ကိုသာ ရွေးချယ်ရဖွယ်ရှိနေပြီး ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်အတွင်း မန်ယူကနေ ရွန်းနီ မထွက်ခွာတာဟာ ကာကယ်ရှင်ကို အကြီးအကျယ်ထိခိုက် စေပါတယ်။

ရွန်းနီကတော့သူဟာ ပရီမီယာလိဂ်ကလပ်အသင်းနှစ်သင်းမှာ ကစားဖူးပြီး ပရီမီယာလိဂ် အသင်းတစ်ခုကိုပဲ ရွေးချယ်မလား၊ ဒါမှမဟုတ် စူပါလိဂ်(ဒါမှမဟုတ်) မေဂျာလိဂ်တွေဆီ ပြောင်းမလားဆိုတာ သိပ်မဝေးတဲ့ကာလအတွင်း ပရိသတ်ကို အသိပေးသွားမယ်လို့ ဆိုပါတယ်။ တရုတ်စူပါလိဂ်အသင်းတွေကတော့ ရွန်းနီအတွက် ကမ္ဘာ့စံချိန်တင်လုပ်ခလစာ တစ်ပတ်ပေါင်တစ်သန်းနဲ့ ကမ်းလှမ်းထားပြီး ငွေကြေးကြောင့်ဆိုရင်တော့ စူပါလိဂ်ကလွဲရင် ကျန်နေရာကို ရောက်စရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် အင်္ဂလန်လက်ရွေးစင်အသင်းနေရာ တစ်နေရာအတွက် ဆက်လက်တိုက်ပွဲဝင်သွားမှာဖြစ်ပြီး သူအရင်က ဆုံးဖြတ်ထားတဲ့ အတိုင်း ၂၀၁၈ ကမ္ဘာ့ဖလားအပြီးမှသာ လက်ရွေးစင်အသင်းကနေ အနားယူမယ်ဆိုရင် သူ့ကိုကမ်းလှမ်းထားတဲ့ အသင်းတွေများစွာထဲက ပရီမီယာလိဂ်ကလပ်အသင်းတစ်ခုကိုသာ ရွေးချယ်ပါလိမ့် မယ်။



**မေလှဲ့သင်း ရေးသားသည်။**

### ပြတ်ပြတ်သားသားမရှိသေးတဲ့ အက်သလက်–ဂရစ်ဇ်မန်း–မန်ယူတို့ရဲ့သုံးပွင့်ဆိုင်ဇာတ်လမ်း

အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းက ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ဆုဖလားတွေ ကိုင်မြှောက်ချင်တဲ့ဆန္ဒကြောင့် အက်သလက်ကနေထွက်ဖို့ အသင့်ဖြစ်နေပြီလို့ ပြောကြားခဲ့သလို အဲဒီမတိုင်မီ ပြင်သစ်ရုပ်သံတစ်ခုနဲ့ ပြုလုပ်တဲ့ အင်တာဗျူးမှာ မန်ယူကိုပြောင်းဖို့က ၆၀ ရာခိုင်နှုန်းလောက်ရှိနေတယ်လို့ ဖြေကြားခဲ့ပါတယ်။ ဒီကြားကာလမှာ မန်ယူအသင်းဟာ ယူရိုပါလိဂ်ဖလားကို ရယူပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာကြောင့် အားလုံးက ဂရစ်ဇ်မန်းတစ်ယောက်တော့ မန်ယူကို လာမယ်ဆိုတာ ရာနှုန်းပြည့်နီးပါးလောက်ကို သေချာသွားပြီလို့ ကောက် ချက်ဆွဲခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် နောက်ရက်မှာပဲ သူက အက်သလက်တီကိုမှာ ဆက်နေရင်းနဲ့ပဲ ဖလားတွေ ကိုင်မြှောက်ချင်တယ်လို့ ဆိုခဲ့ပြန်ပါတယ်။ ဒီတော့ ဂရစ်ဇ်မန်း ရဲ့ စကားအသွားအလာအရ မန်ယူကို လာမှာလား၊ မလာဘူးလားဆိုတာ အခုထိ ဂဏနယအဖြေမထုတ်နိုင်သေးဖြစ်နေတယ်။ မန်ယူက သူ့ကို ရဖို့အတွက် အက်သလက်နဲ့ သူ့အကြားထည့်ချုပ်ထားတဲ့ စာချုပ်အရ ယူရိုသန်း ၁၀၀ လျော်ကြေးပေးရမှာဖြစ်ပေမယ့် မန်ယူက ဒီလောက်ပမာဏကို သုံးစွဲဖို့ အသင့်အနေအထားပါ။ ဂရစ်ဇ်မန်းကိုယ်တိုင်က သူပြောင်းရင် မန်ယူကိုသာ ပြောင်းမယ်လို့ အရင်ကတည်းက ဆုံးဖြတ်ထားပုံ ပေါ်သလို အက်သလက်ဘက်က ဂရစ်ဇ်မန်းနေရာ အစားထိုးဖို့ လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီကို သဘောတူညီမှု ရယူထားပြီးဖြစ်ပါတယ်။

ဒီအခြေအနေမှာ ဂရစ်ဇ်မန်းက ဘာကိုချင့်ချိန်ပြီး အခုလို တစ်ခါပြောတဲ့စကားနဲ့ နောက်တစ်ခါ ပြောတဲ့စကား ဘာလို့ မတူတာလဲဆိုတာတော့ ကာယကံရှင်သာအသိဆုံး ဖြစ်မှာပါ။ အားကစားရေးရာ ကျွမ်းကျင်သူ တော်တော်များများကလည်း ဂရစ်ဇ်မန်းလာရင် မန်ယူရဲ့ ကျောနံပါတ်(၇)ကို ဖယ်လိုင်နီဆီက လက်လွှဲရယူ မယ်လို့ တောင် သုံးသပ်နေကြတဲ့အထိ ဖြစ်နေပါတယ်။ဂရစ်ဇ်မန်းဟာ အင်တာဗျူးတစ်ခုမှာ တစ်မျိုး၊ နောက် အင်တာဗျူးတစ်ခုမှာ တစ်မျိုး ပြောနေတာကြောင့် ဘာကိုကြည့်ပြီး အဖြေထုတ်ရမှန်းမသိ မျက်စိလည် သွားခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အက်သလက်တီကို ဥက္ကဋ္ဌ ကာရန်ဇိုကလည်း ဂရစ်ဇ်မန်းအနေနဲ့ အက်သလက်တီကိုမှာ လာမယ့်ရာသီ ဆက်ရှိမှာ သေချာပြီး ဘယ်အသင်းကိုမှ ပြောင်းမှာမဟုတ်ဘူးလို့ အတည်ပြုပြောခဲ့ပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ ဂရစ်ဇ်မန်း ဘယ်လိုဆုံးဖြတ်ထားလဲဆိုတာ လာမယ့် ရက်သတ္တသုံးပတ်လောက်အတွင်း သိရမယ့် ကိစ္စဖြစ်နေပြီး မန်ယူကို တကယ်ရောက်မရောက်ဆိုတာ ဇွန်လအတွင်း သိကြရတော့မှာဖြစ်ပါတယ်။

# မြန်မာသံအဆိုရှင် မကွေးမြို့သူ မေယုဆွေ၏ မင်းငဲ့ညှာပါစေ တေးစီးရီး ထွက်မည်

တေးဂီတကျော်စိုးနိုင် (Valency Music Band)၊ စန္ဒရားအောင်မြတ်ထွဋ်၊ စောင်း ကိုလှိုင်ဝင်းမောင်(မကွေး)၊ တေးသံသွင်း (Lynn, Esus5) တို့ ပါဝင်အားဖြည့်ထားသည့် မြန်မာသံအဆိုရှင် မကွေးမြို့သူလေး မေယုဆွေ၏ မင်းငဲ့ညှာပါစေ ဒီဗွီဒီ ကာရာအိုကေ တေးစီးရီးကို ဇွန်လဆန်း၌ ကြိုတင်စနစ်ဖြင့် ဖြန့်ချိထွက်ရှိမည် ဖြစ်ပါသည်။

'ငယ်ငယ်ကတည်းက ပွဲတော်အတော်များများ ဆိုဖြစ်တယ်။ ဝန်ထမ်းလုပ်ဖြစ်ကတည်းက မဆိုဖြစ်တော့ဘူး။ နှစ်(၂၀)ကျော်လောက် အဆက်ပြတ်သွားတာ။ ဆေးပင်စင်ယူလိုက်တယ်။ ငယ်ငယ်တုန်းကတော့ မိဘကသဘောမတူလို့ မလုပ်ဖြစ်ခဲ့ဘူး။ တစ်ချိန်ချိန်မှာ လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိခဲ့တယ်။ ဝန်ထမ်းဘဝကလည်းထွက်၊ ဂီတပိုးကလည်း မသေသေးတာကြောင့် ပထမဆုံးတေးစီးရီးလေးလုပ်ဖြစ်တာပါ။ တကယ်ကို ကြိုးစားထားပါတယ်' ဟု အဆိုရှင် မေယုဆွေက ဆိုသည်။

၁၉၈၆ မှ ၁၉၉၂ ခုနှစ်ထိ မကွေးသင်္ကြန်ဇာတ်ပွဲမဏ္ဍပ်ပေါ်တွင် အမြဲပွဲတောင်းခံခဲ့ရသူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နိုင်ငံတာဝန်များကို နှစ်(၂၀)ကျော် တာဝန်ထမ်းဆောင်ခဲ့သူ၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် ဝေးလံဒေသများတွင် တာဝန်ထမ်းဆောင်ရင်း အညာမြေကိုအမြဲလွမ်းနေတတ်သူ မေယုဆွေအနေဖြင့် မြန်မာသံကို နှစ်သက်မြတ်နိုးသူများအတွက် ဘဝကိုပေးဆပ်တော့မည်ဟု ဆုံးဖြတ်ထားကြောင်းလည်း သိရသည်။

'ဂီတအမျိုးအစားတွေအများကြီးရှိတဲ့အနက် မြန်မာသံကို နှစ်သက်တယ်။ကျက်သရေအရှိဆုံးလို့လည်းထင်တယ်။ အသိမ်မွေ့ဆုံး၊ အနူးညံ့ဆုံးလို့လည်း ခံယူထားတာကြောင့် နောက်ထပ် တေးစီးရီးတွေ ဆက်လုပ်သွားဦးမှာပါ'ဟုလည်း အဆိုရှင်က မြန်မာသံကို နှစ်သက်ရသည့်အကြောင်းရင်းကို ပြောခဲ့သည်။



မကြာမီထွက်ရှိတော့မည့် မင်းငဲ့ညှာပါစေတေးစီးရီးတွင် ရွှေလည်တိုင်၊ အနမ်းခြေရာ၊ နေ့စဉ် ပိတောက်တွေပွင့်ပါစေ၊ မင်းငဲ့ညှာပါစေ၊ အကြွေးရတောင် မလွမ်းတော့ဘူး၊ အလွမ်းဆုတောင်း၊ နယ်စည်းမခြား နှလုံးသား၊ ပန်းဝတ်လွှာ၊ မေလာရင်ကြိုမှာလား၊ ချစ်ညှိုးမာန်တွေပြေပါစေ၊ နက်ဖြန် သို့မဟုတ် ဘယ်သောအခါ၊ နှလုံးသားမြို့ဟောင်းဝေဒနာ၊ ပြန်လာခဲ့မည် ရွှေညာဆီ၊ ခရေပင်အောက်က ပိတောက်ချစ်သူ စသည့် သီချင်း(၁၄)ပုဒ်ပါဝင်မည်ဖြစ်ကာ ပရိသတ်တွေအနေနဲ့ လွမ်းမောကြည်နူးတသဖွယ် တေးသီချင်းတွေကို နားဆင်ရလိမ့်မည်ဟုလည်း မကွေးဒေသခံ ဂီတမျူး၊ အဆိုတော်နှင့် တေးရေးဆရာ ကိုလှဝိုင်းက ပြောသည်။

တေးရေး သျှန်ထွန်း(မြန်မာစာ) ရေးစပ်ထားသည့် နယ်စည်းမခြား နှလုံးသား(စုံတွဲသီချင်း)တွင် ဗညားဟန် ပါဝင်သီဆိုထားပြီး ပြန်ဆိုတေးသုံးပုဒ်ပါဝင်ကြောင်း၊ တေးဂီတပညာရှင်ကြီးများ ပါဝင်တီးခတ်ထားပြီး ရိုက်ကူး၊ တည်းဖြတ်မှုများအပါအဝင် ထုတ်လုပ်မှုအဆင့်ဆင့်ကို ဂရုတစိုက်ဖန်တီးထားသည့် တေးအယ်လ်ဘမ်ဖြစ်ကြောင်းလည်း စီစဉ်သူများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**



၂၀၀၄ ခုနှစ်အတွင်း ဂျွန်ထရာဗော်တာကို သူ၏ ၇၀၇ လေယာဉ်နှင့်အတူ မဲလ်ဘုန်းမြို့၌ တွေ့ရစဉ်။

# မင်္ဂလာနှစ်ပတ်လည်နေ့ကို ဆင်နွှဲခဲ့တဲ့ အာဂျေဟွန်း

တောင်ကိုရီးယားရဲ့ ခေါင်းဆောင်မင်းသားတစ်ဦးဖြစ်တဲ့ အာဂျေဟွန်းနဲ့ "Boys Over Flowers(F4)"ရုပ်ရှင်မှာ ခေါင်းဆောင်မင်းသမီး ဂင်ဂျန်ဒီအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး ဂိုဟေဆန်းတို့ရဲ့မင်္ဂလာနှစ်ပတ်လည်နေ့မှာတော့ အထိမ်းအမှတ်ဖြစ်စေဖို့ အာဂျေဟွန်းက ပြုလုပ်ဖန်တီးပေးခဲ့ပြီး ပရိသတ်တွေကိုလည်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် နှစ်ပတ်လည်နေ့ဆင်နွှဲပုံကို ထုတ်ဖော်ပြသခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့နှစ်အတွင်း မင်္ဂလာပွဲဆင်နွှဲခဲ့ကြတဲ့ အာဂျေဟွန်းနဲ့ ဂိုဟေဆန်းတို့ရဲ့ ပထမဆုံးအကြိမ်ကျရောက်ခဲ့တဲ့ မင်္ဂလာနှစ်ပတ်လည်နေ့မှာတော့ အာဂျေဟွန်းက ကြီးမားတဲ့ ဝက်ဝံဝတ်စုံကို ဝတ်ဆင်ကာ ကပြခဲ့ပြီး ယင်းဗီဒီယိုဖိုင်ကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ ယင်းဗီဒီယိုဖိုင်မှာ ကနေတဲ့ အာဂျေဟွန်းရဲ့အနောက်မှာ သူတို့ရဲ့ခြောင်လေးကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

အာဂျေဟွန်းနဲ့ ဂိုဟေဆန်းတို့က သူတို့နှစ်ဦးဟာ အတူရှိနေတဲ့အချိန်တွေအတွင်းမှာ ပိုမိုအပြစ်ကင်းကြကြောင်း အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့ဖူးပြီး လတ်တလောမှာလည်း မင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ်ကို ချစ်စဖွယ် ပြုလုပ်ခဲ့တာကိုလည်း တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

ယခုလိုမင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ်ဗီဒီယိုဖိုင်ကို အွန်လိုင်းမီဒီယာပေါ်မှာ ဖော်ပြခဲ့ရာမှာတော့ ပရိသတ်တွေက ကြယ်ပွင့်မောင်နှံနှစ်ဦးကို ပျော်ရွှင်စရာနှစ်ပတ်လည်ဖြစ်စေကြောင်းနဲ့ ဆုတောင်းစကားတွေကို ပြန်လည်ရေးသားဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။





# ကိုယ်ပိုင်ဘိုးရင်းလေယာဉ်ကို လေကြောင်းပြတိုက်သို့ ဂျွန်ထရာဗော်တာ လှူဒါန်းမည်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်သရုပ်ဆောင်မင်းသားကြီး ဂျွန်ထရာဗော်တာက သူပိုင်ဆိုင်တဲ့ ကိုယ်ပိုင်လေယာဉ်တွေအနက် ၇၀၇ လေယာဉ်တစ်စင်းကို ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်မှာရှိတဲ့ လေကြောင်းပြတိုက်သို့ လှူဒါန်းသွားမှာဖြစ်ကြောင်း နယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းလေယာဉ်ကို ဩစတြေးလျနိုင်ငံရဲ့မြို့တော် စစ်ဒနီရဲ့ တောင်ဘက် ၁၄၅ ကီလိုမီတာအကွာမှာရှိတဲ့ အယ်လ်ဘီယန်ပန်းခြံဆီသို့ မပျံသန်းမီ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်မှာရှိတဲ့ ဂျွန်ထရာဗော်ဒါရဲ့ နေအိမ်မှာ ပြုပြင်ထိန်းသိမ်းမှုတွေ ပြုလုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ အဲဒီနောက် သမိုင်းဆိုင်ရာ လေယာဉ်ပြန်လည်ထူထောင်ရေးအဖွဲ့အစည်းသို့ ပေးအပ်သွားမှာဖြစ်ပြီး ဒီလိုလှူဒါန်းသွားမယ့်အကြောင်းကိုတော့ ပြီးခဲ့တဲ့ မေ ၂၈ ရက်မှာ ဂျွန်ထရာဗော်တာက တရားဝင် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဂျွန်ထရာဗော်တာပိုင်တဲ့ ဘိုးရင်းလေယာဉ် ဩစတြေးလျကို ရောက်ရှိမယ့်ရက်အတိအကျကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားနိုင်ခြင်းမရှိသေးကြောင်းနဲ့ ဒီလိုလေယာဉ်ကို ပျံသန်းသယ်ဆောင်ရာမှာလည်း ဂျွန်ထရာဗော်တာက အဖွဲ့ဝင်တစ်ဦးအဖြစ် ကိုယ်တိုင်ပါဝင်လိုတဲ့ ဆန္ဒရှိနေကြောင်းလည်း သိရပါတယ်။ လတ်တလောမှာတော့ ယင်းလေယာဉ်ဟာ ဩစတြေးလျကို ပျံသန်းနိုင်ဖို့အတွက် ပြင်ဆင်မှုတွေလိုအပ်နေဆဲဖြစ်တယ်လို့လည်း သိရပါတယ်။

လေယာဉ်မောင်းရတာကို အလွန်ဝါသနာပါတဲ့အတွက် ဂျွန်ထရာဗော်တာရဲ့ နယူးယော့ခ်နေအိမ်ဟာ တကယ့်ကို အသုံးပြုနေတဲ့ လေယာဉ်ကွင်းတစ်ခုသဖွယ်ပြင်ဆင်ထားပြီး ပြေးလမ်းနှစ်ခုလည်း ပါဝင်နေကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

## ကြေညာချက်

(ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ရက်တွင် ကျင်းပမည့် (၃) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်း ရောင်းချခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | (၃) ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ရက်တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ် **( "က" အက္ခရာမှ အစဉ်လိုက် "န" အက္ခရာထိ )** | = | ၂၀ လုံး |
| (ခ) | အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် **အရန်ထီလက်မှတ်("ကဒ" အက္ခရာမှ အစဉ်လိုက် "ကအ" အက္ခရာထိ )** | = | ၁၆ လုံး |
| | **စုစုပေါင်းအက္ခရာ** | **=** | **၃၆ လုံး** |

၂။ (၃)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၃၆)လုံးဖြစ်၍ ထီစာအုပ်ပေါင်း(၂၉၄၅၄၄၈) အုပ်ဖြစ်ပြီး ထီလက်မှတ် စောင်ရေပေါင်းမှာ (၃၂၃၉၉၉၂၈) စောင်ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ (ကျပ်သန်းပေါင်း ၁၄၇၂၇. ၂၄)ဖြစ်ပါသည်။ ၆၀%ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာ (ကျပ်သန်းပေါင်း ၈၈၃၆. ၃၄၄)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **အထူးဆုကြီးစနစ်** | | |
| | (၁) ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| | (၂) ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| | (၃) ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |
| (ခ) | **ဆုတစ်ဆုချင်းစနစ်** | | |
| | (၁) ကျပ်သိန်းတစ်ရာ | = | (၃၇) ဆု |
| | (၂) ကျပ်သိန်းငါးဆယ် | = | (၃၉) ဆု |
| | (၃) ကျပ်ဆယ်သိန်း | = | (၄၁) ဆု |
| (ဂ) | **ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်** | | |
| | (၁) ကျပ်သုံးသိန်း | = | (၁၀၀) ဆု |
| | (၂) ကျပ်နှစ်သိန်း | = | (၁၀၀၀) ဆု |
| | (၃) ကျပ်တစ်သိန်း | = | (၂၉၀၀၀) ဆု |
| | (၄) ကျပ်ငါးသောင်း | = | (၇၀၀၀၀) ဆု |
| | **စုစုပေါင်း** | **=** | **(၁၀၀၂၂၀)ဆု** |

၅။ (၃) ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (၃၄၁)ကြိမ်မြောက် ကျပ် ၂၀၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

ရောင်းမည်
သဃ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)၊(၆)၊(၈)၊(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကို အမြန်ရောင်းမည်။ (B.C.C ၊ မီတာရရှိပြီး)
ဖုန်း၊ 09-254111883, 09-785401011

ဖုန်း Sim Card ဝယ်သည်
73, 47, 49, 50, 86
ရဲမင်းထွန်း
Ph: 09-5014706

ဒီဇယ်ဓာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)

ODYSSEY
ပြည်တွင်း၊ပြည်ပလေယာဉ်လက်မှတ် အိမ်အရောက်ပို့ဝန်ဆောင်မှု
09 73187799, 09 73070193
အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်

မြို့စဝေတနာဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ) ၊ ဖြူနီနက်ကွက်များ ၊ အနာကြီးရောဂါ ၊ ယားနာ ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။






# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
## (၂၀၁၇ခုနှစ်၊ မေလ ၂၉ရက်)


၁။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ခုနှစ်၊ ဇွန်လ ၁ရက်နေ့မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ "က" အက္ခရာမှ အစဉ်လိုက် "ဖ"အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ (၂၂)လုံး** စုစုပေါင်း အက္ခရာ(၄၄)လုံးခန့်၊ ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံ ဝယ်ယူလိုသူများရှိပါက ကျပ်၅၀၀တန် ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး၊ အနည်းဆုံးအုပ်ရေ(၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ရက်မှ ၂၄-၆-၂၀၁၇ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။


၄။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၅။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ် (**အရန်ထီ**) နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ် "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ ညာဘက် ကျပ် ၅၀၀တန် တံဆိပ်၏ အပေါ်၌ **"(2nd)" အမှတ်အသား** ပါဝင်သော ထီလက်မှတ်များသာ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်**ပေါ်တွင် " (2nd)" **အမှတ်အသား** မပါဝင်သော **"ကက" အက္ခရာမှ အစဉ်လိုက် "ကအ" အက္ခရာ**ထိ ထီလက်မှတ်များသည် (၁) ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက်တို့တွင် ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း (၁၀၀၀၀)၊ ကျပ်သိန်း(၅၀၀၀)၊ ကျပ်သိန်း(၃၀၀၀) နှင့် ကျပ် သိန်း(၁၀၀၀)ဆုများ ပါဝင်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် (၅၀၀၀၀) ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**


STRATEGY FIRST INSTITUTE
DR. KAUNG ZAW, MEDICAL AFFAIRS MANAGER
SERVIER (S) PTE LTD. (MYANMAR BRANCH)
ZUN PANN THWIN, DIRECTOR
ETERNAL FLOWERS (FLORAL SERVICES)
YE NAING LYNN, DIRECTOR
THURIYA WIN CO., LTD.
PHYO THU HTET, BUSINESS DEVELOPMENT MANAGER
INTERNATIONAL ENTERPRISE (IE) SINGAPORE.
NAY LIN AUNG, FIELD MARKETING MANAGER
DKSH SERVICES LTD.
EDINBURGH
BUSINESS SCHOOL
HERIOT-WATT UNIVERSITY
MBA
General Finance HRM Marketing
MSc
Marketing Human Resources
STRATEGY FIRST INSTITUTE is an approved learning partner of Edinburgh Business School.
Starting Date - 24th June 2017
STAMFORD
INTERNATIONAL
UNIVERSITY
LAUREATE
INTERNATIONAL
UNIVERSITIES®
SIGNATURE
M.B.A
သင်ကြားမည့်ဘာသာရပ်များ
1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship
* Independent Study
Starting Date - 9th June 2017
No. 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.
APPLY NOW: (09) 450 177770, 09 250 717168

# ကြော်ငြာ

**ASIA DRAGON (အာရှနဂါး)**
နိုးရာသီ Promotion (15-5-2017) မှစ၍ ---
ချောင်းသာ 12000 ကျိုက်ထီးရိုး 10000
ငွေဆောင် 15000 မြဝတီခရီးစဉ်(သောကြာ)
09-30030030, 09-799100100, 09-797100100

**ရွှေစံမို** ဘုရားဖူးပို့ဆောင်ရေး၏ အထူးအစီအစဉ်
မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ဂူဘုရားများ 60000 (သောကြာနေ့တိုင်း)
မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ဲ၊ ဇွားလပို့ 35000 (ဇားတည်းခြိမ်း)
ကျိုက်ထီးရိုး 10000 ချောင်းသာ 12000
